ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလဆန်း ၁၁ ရက်၊ အင်္ဂါနေ့၊ (19-4-2005)(၄၅၇၀)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရခိုင်ပြည်နယ် သံတွဲမြို့ အဏ္ဏဝါရိပ်သာခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရခိုင်ပြည်နယ်အတွင်း လမ်းတံတားများ တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအခြေခံများ အလုံးအရင်းဖြင့် တည်ဆောက်ပေးခဲ့

☆ မိမိတို့အနေဖြင့် နိုင်ငံနှင့်အဝန်းတွင် ဆည်မြောင်းတာတမံများ၊ လမ်းမကြီးနှင့် တံတားကြီးများ၊ ရေအားလျှပ်စစ်စီမံကိန်းများ စသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံများကို အလုံးအရင်းဖြင့် တည်ဆောက်ပေးခဲ့ရာ ယခုအခါတွင် ပြည့်စုံလုံလောက်သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်၊

☆ မကြာမီသော ကာလတွင် ယင်းအခြေခံ အဆောက်အအုံများအားလုံး ရည်မှန်းချက်နှင့်အညီ အကောင်အထည်ပေါ်ပြီးမြောက်ပြီး နိုင်ငံတော်လည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်မည့်အချိန်သို့ ရောက်တော့မည်။



ရခိုင်ပြည်နယ် တံခါးပေါက်သုံးပေါက်မှ အခြားပြည်နယ်၊တိုင်းများသို့ ရာသီမရွေးသွားလာနိုင်ရန် လမ်းမကြီးများကို အမြဲမပြတ် စစ်ဆေးပြုပြင်မှု၊ အဆင့်မြှင့်တင်မှုများ ပြုလုပ်သွားရန်လို လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှ ပြည်သူများ လူနေမှုဘဝ ပိုမိုတိုးတက်မြင့်မားမည်

စီးပွားရေးဖွံ့ဖြိုးသည့် ဒေသကြီးဖြစ်လာစေရေး ပုဂ္ဂလိကကဏ္ဍ၏ အားကြိုးမာန်တက် ပူးပေါင်းပါဝင်မှုလိုအပ်

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန် ဧပြီ ၁၈

ရခိုင်ပြည်နယ် သံတွဲမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရန်ကုန်-ကျောက်ဖြူလမ်းပေါ်ရှိ ကျောက်ဖြူ-မအီလမ်းအပိုင်း၊မအီ-တောင်ကုတ်လမ်းအပိုင်းနှင့် အမ်း-ပဒဲကြော-မအီလမ်း ပြုပြင်ဖောက်လုပ်မှုနှင့် တောင်ကုတ်-မအီ-ကျောက်ဖြူလမ်းပေါ်ရှိ သံသမချေတံတား၊ သဇင်တန်ပေါက်တံတား၊ ဝန်ဖိုက်တံတားနှင့် မင်းကြောင်းချောင်းတံတား တည်ဆောက်ရေးစီမံကိန်းများနှင့် စပ်လျဉ်း၍ ယနေ့ နံနက် ၁၀နာရီခွဲတွင် ရခိုင်ပြည်နယ် သံတွဲမြို့ အဏ္ဏဝါရိပ်သာခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းတင်ပြသည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၉-၄-၂၀၀၅
(အင်္ဂါနေ့)

နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက် ဖြစ်ထွန်းရေး လျှပ်စစ်ဓာတ်အားစီမံကိန်းများ အရှိန်အဟုန်မြှင့်ဖော်ဆောင်

ယနေ့ကာလသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားအားလုံး လူနေမှုအဆင့်မြင့်မားစေရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူများက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းတည်ဆောက် အကောင်အထည်ဖော်နေသော အချိန်အခါဖြစ်သည်။

ယင်းသို့ ကြိုးပမ်းတည်ဆောက်ရာတွင် ပြည်ထောင်စုကြီးအတွင်း နယ်မြေဒေသတစ်ခုနှင့်တစ်ခု အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ပြည်နယ်နှင့်တိုင်းများအလိုက် ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ ခုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် စီမံကိန်းတို့ကို ချမှတ်အကောင်အထည်ဖော်နေသည်။

အထူးသဖြင့် ယခင်ကာလများက ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့သည့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး အဘက်ဘက်က ဖွံ့ဖြိုးလာစေရန် စနစ်တကျ စီမံဖော်ဆောင်နေပေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သည် အဖွဲ့ဝင်များ လိုက်ပါလျက် ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း ဧပြီလ ၁၆ ရက်နေ့က သံတွဲမြို့သို့ရောက်ရှိစဉ် အဏ္ဏဝါရိပ်သာခန်းမ၌ တာဝန်ရှိသူများအား ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာများ လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် **နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ဖြစ်ထွန်းလာစေရန် ရည်မှန်းချက်ထားပြီး ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်နှင့်အညီ ရခိုင်ပြည်နယ်ကိုလည်း တစ်ပြည်လုံးနှင့် ဆက်စပ်ယှဉ်တွဲလျက် နိုင်ငံတော်၏ ဖွံ့ဖြိုးမှုအစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပါဝင်လာစေရအောင် စီမံဆောင်ရွက်ပေးရမှာဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တစ်ခုလုံး လျှပ်စစ်ဓာတ်အားကို ထိုက်သင့်သလောက် ရည်မှန်းချက်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးစီမံကိန်းများကို စနစ်တကျ အဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း** လမ်းညွှန် မိန့်ကြားခဲ့သည်။

နိုင်ငံတော်တစ်ဝန်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးမှုအကျိုးပြု လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိရေးအတွက် ရေအားလျှပ်စစ်စီမံကိန်းများကို ဖြန့်ကြက်ဖော်ဆောင်လျက်ရှိရာ ရခိုင်ပြည်နယ်တွင်လည်း သူ့ရွှေချောင်းရေအားလျှပ်စစ်စီမံကိန်း၊ အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် ကျိန်တလီ ရေအားလျှပ်စစ်စီမံကိန်းတို့ကို အကောင်အထည်ဖော်နေသည်။

သံတွဲဒေသ၌ တည်ဆောက်မည့် သူ့ရွှေချောင်း ရေအားလျှပ်စစ်စီမံကိန်းသည် သံတွဲမြို့၏အရှေ့မြောက်ဘက် ၁၅ မိုင်ခန့် အကွာတွင် တည်ရှိသည့် သတဲချောင်း သို့မဟုတ် သူ့ရွှေချောင်းပေါ်တွင်တည်ရှိပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၀ ထုတ်လုပ်နိုင်စွမ်းရှိ၍ နှစ်စဉ် ပျမ်းမျှထုတ်လုပ်မည့် ဓာတ်အားမှာ ၃၁၈ ကီလိုဝပ်နာရီသန်းပေါင်း ဖြစ်ကြောင်းသိရသည်။

အမ်းဒေသ ဖွံ့ဖြိုးရေးအတွက် တည်ဆောက်သွားမည့် အမ်းချောင်း ရေအားလျှပ်စစ်စီမံကိန်းမှာ အမ်းမြို့၏အရှေ့မြောက်ဘက် သုံးမိုင်ခွဲခန့် အကွာ အမ်းချောင်းပေါ်တွင်တည်ရှိပြီး ပထမအဆင့်၌ လျှပ်စစ်ဓာတ်အား ငါးမဂ္ဂါဝပ် ထုပ်လုပ်နိုင်၍ ဒုတိယအဆင့်၌ လျှပ်စစ်ဓာတ်အား ၁၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးသွားနိုင်မည်ဖြစ်သည်။

ရခိုင်ပြည်နယ်သည် ရေမြေသဘာဝသယံဇာတ ပေါများကြွယ်ဝသော ဒေသဖြစ်ရာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရန် နိုင်ငံတော်က လမ်းမကြီးများနှင့် တံတားကြီးများစွာတို့ကို တည်ဆောက် ဖောက်လုပ်ပေးမှုနှင့်အညီ ကူးသန်းဆက်သွယ်သွားလာမှုများ တိုးတက်ကောင်းမွန်လာလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက် ဖြစ်ထွန်းလာရေး ရည်မှန်းချက်ဖြင့် ဘက်စုံ ကဏ္ဍစုံက အကောင်အထည်ဖော်လျက်ရှိချိန်တွင် ရခိုင်ပြည်နယ်တစ်ခုလုံး ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးစီမံကိန်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကြိုးပမ်းဖော်ဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်နိုင်ရေး ဗီယက်နမ်ဝန်ကြီးချုပ် ဖန်ဗန်ခိုင် တိုက်တွန်း

ဟန္နိုင်း ဧပြီ ၁၇

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်နိုင်စေရေးအတွက် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ခြင်း၊ ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့ခြင်း၊ ကုန်ပစ္စည်းဈေးနှုန်းများကို ထိန်းချုပ်ခြင်းတို့မှတစ်ဆင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဗီယက်နမ်ဝန်ကြီးချုပ် ဖန်ဗန်ခိုင်က တနင်္ဂနွေနေ့တွင်ပြောကြားသည်။

အစိုးရဝန်ကြီးဌာနများနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၏ အစည်းအဝေးတွင် ဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ရေးသားဖော်ပြ

အထူးသဖြင့် စက်မှုလုပ်ငန်းနယ်ပယ်တွင် ကုန်ထုတ်လုပ်မှုမြှင့်တင်ရန် သက်ဆိုင်ရာ အစိုးရ ဌာနများက ကြိုးပမ်းဆောင်ရွက်ရန် ဝန်ကြီးချုပ်က တိုက်တွန်းကြောင်း ဗီယက်နမ်နိုင်ငံတွင် ထုတ်ဝေသည့် ပိုင်အိုးနီးယား သတင်းစာက ရေးသားဖော်ပြသည်။

ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးအရ တိုးတက်လာစေရန် လည်းကောင်း၊ ခေတ်မီနည်းပညာရပ်များကို အသုံးပြု၍ ထုတ်လုပ်မှုစရိတ်ကို လျှော့ချနိုင်စေရန် လည်းကောင်း၊ စက်ကိရိယာ ပစ္စည်းများ၏ အရည်အသွေး မြင့်မားစေရန်လည်းကောင်း၊ ပြည်တွင်းဖြစ် ကုန်ကြမ်းပစ္စည်းများကို သုံးစွဲခြင်းဖြင့်လည်းကောင်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဖန်ဗန်ခိုင်က ပြောကြားသည်။

ဗီယက်နမ် စီးပွားရေးလုပ်ငန်းများ အနေဖြင့် ပြည်ပပို့ကုန်ဈေးကွက်များ တိုးချဲ့နိုင်ရေးကြိုးပမ်းရန်လည်း ၎င်းက တိုက်တွန်းသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ဂျီးရီးယားတွင် ဝက်သက်ရောဂါဖြစ်ပွား

လေဂို့စ် ဧပြီ ၁၇

နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်း ဂျီဂါဝါပြည်နယ်တွင် လွန်ခဲ့သည့်သုံးလအတွင်းက ဝက်သက်ရောဂါဖြင့် သေဆုံးသူ ကလေး ၁၇၉ ဦးထက်မနည်းရှိပြီး ၄၀၀၀ ကျော်မှာ ရောဂါကူးစက်မှုခံနေကြရကြောင်း နိုင်ဂျီးရီးယားသတင်းဌာနက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

ကလေး ၅၀၀၀၀၀ နီးပါးကို ဝက်သက် ရောဂါကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူ တစ်ဦးဖြစ်သူ အစ္စမေးလ်ဒင်မီဂါနီ၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းဌာနက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပြင်ပနိုင်ငံများ၏စွက်ဖက်မှု အာရပ်နိုင်ငံများ လက်မခံ အမေရိကန် အစီရင်ခံစာကို အာရပ်အဖွဲ့ချုပ် ပယ်ချ

ကိုင်ရို ဧပြီ ၁၆

အာရပ်ကမ္ဘာတွင် ဖြစ်ပေါ်မည့် ပြုပြင်ပြောင်းလဲမှုကို ပြင်ပမှသွတ်သွင်းလာသည့် အခြေအနေမျိုးမဖြစ်သင့်ဘဲ ဒေသတွင်းမှ ပြုလုပ်သော အပြောင်းအလဲမျိုးသာ ဖြစ်သင့်ကြောင်း အာရပ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အာမားမူဆာက တနင်္ဂနွေနေ့တွင် ပြောကြားသည်ကို ကိုးကား၍ အီဂျစ်မီနာသတင်းဌာနက ဖော်ပြသည်။

- ထုတ်ပြန် -

အမေရိကန်နိုင်ငံသည် မကြာသေးမီအချိန်က အာရပ်ကမ္ဘာမှလူသားဆိုင်ရာ တိုးတက်မှုများဟူသော အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ ထိုအစီရင်ခံစာနှင့် ပတ်သက်သည့် ရေးသားချက်များကို ရည်ညွှန်းကာ အထက်ပါအတိုင်း အာမားမူဆာက ပြောကြားခဲ့ခြင်းဖြစ်သည်။

- သဘောမတူ -

အမေရိကန် အစီရင်ခံစာပါ အချက်အလက်များအနက် အထူးသဖြင့် အာရပ်ကမ္ဘာဆိုင်ရာ ပြင်ပကမ္ဘာမှ ဖိအားပေးသည့် ပြောင်းလဲမှုများဆိုသည့်အပိုင်းကို အာရပ်နိုင်ငံများက သဘောမတူ လက်ခံနိုင်ခြင်းမရှိကြောင်း မူဆာက ဆက်လက်ပြောကြားသည်။

အာရပ်နိုင်ငံများသည် ၎င်းတို့နှင့် တွဲဖက်များဖြစ်သည့် ပြည်ပနိုင်ငံများနှင့် တွေ့ဆုံဆွေးနွေးရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ညှိနှိုင်းရေးလုပ်ရပ်များကိုသာ လိုလားကြသည်။ ပြင်ပမှ အာရပ်နိုင်ငံများအပေါ် ဖိအားပေးကာ စွက်ဖက်လာပါက အာရပ်ကမ္ဘာတွင် မတည်မငြိမ်မှုများသာ ဖြစ်ပေါ်လာမည်ဖြစ်သည်ဟု အာရပ်နိုင်ငံများက ယူဆကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆိုယုဇ် ဒုံးပျံယာဉ်လွှတ်တင်ရေးစင် တည်ဆောက်ရန် သဘောတူညီချက်ရရှိ

မော်စကို ဧပြီ ၁၇

ပြင်သစ်ဂီယာနာရှိ ကူရူးအာကာသယာဉ်လွှတ်တင်ရေးစခန်းတွင် ရုရှားဆိုယုဇ်ဒုံးပျံယာဉ်များ လွှတ်တင်နိုင်ရေးအတွက် ဒုံးပျံလွှတ်တင်ရေးစင်အသစ် တည်ဆောက်ရန် သဘောတူညီချက်တစ်ရပ်ကို ရုရှားဖက်ဒရယ်အာကာသ အေဂျင်စီနှင့် ဥရောပရော့ကက်ဒုံးပျံ လွှတ်တင်ရေးကုမ္ပဏီဖြစ်သော အေရီယန်စပေ့စ်ကုမ္ပဏီတို့ စနေနေ့တွင် လက်မှတ်ရေးထိုးလိုက်ကြသည်။

ယူရို ၃၄၄ သန်း (အမေရိကန်ဒေါ်လာ ၄၄၆ သန်း) တန်ဖိုးရှိ ကန်ထရိုက်စာချုပ်ကို ရုရှား ဖက်ဒရယ်အာကာသအေဂျင်စီ ညွှန်ကြားရေးမှူး အင်နာတိုလီ ပါမီနော့ဗ်နှင့် အေရီယန်စပေ့စ်ကုမ္ပဏီ ညွှန်ကြားရေးမှူးချုပ် ဂျင်းဗက်စ်လီဂေါတို့က လက်မှတ်ရေးထိုးလိုက်ကြသည်။

ဆိုယုဇ် ဒုံးပျံယာဉ်လွှတ်တင်ရေးစင် တည်ဆောက်ရန် ရန်ပုံငွေအနက် ယူရို ၂၂၃ သန်း (အမေရိကန်ဒေါ်လာ ၂၈၉ သန်း)ကို ဥရောပအာကာသ အေဂျင်စီက ထောက်ပံ့ပေးမည်ဖြစ်ပြီး ကျန်ရှိသော ငွေကြေးယူရို ၁၂၁ သန်း (အမေရိကန် ဒေါ်လာ ၁၅၇ သန်း)ကို ဥရောပရင်းနှီးမြှုပ်နှံရေးဘဏ်၏ ချေးငွေမှ ရရှိမည်ဖြစ်သည်။

အဆိုပါ ကန်ထရိုက် စာချုပ်အရ ပြင်သစ်ဂီယာနာတွင် ဒုံးပျံ လွှတ်တင်ရေးစင်နှင့်ဆိုယုဇ် ၂-အယ်လ်ဘီ အမျိုးအစား အာကာသ ယာဉ်တစ်စင်းတို့ကို တည်ဆောက်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘရာဇီး-ကင်မရွန်း ဆက်ဆံရေးမြှင့်တင်မည်

ယောင်ဒီ ဧပြီ ၁၇

ဘရာဇီးသမ္မတ လုဇ်အင်နာစီယို လူလာဒါဆေးလ်ဗားနှင့် ကင်မရွန်းသမ္မတ ပေါလ်ဘီယာတို့သည် နှစ်နိုင်ငံ ဆက်ဆံရေးမြှင့်တင်ရန်နှင့် စိုက်ပျိုးရေးနှင့် ကျန်းမာရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် တနင်္ဂနွေနေ့က သဘောတူညီကြသည်။

ဆွေးနွေးပွဲကျင်းပ

လူလာနှင့် လေ့လာရေးအဖွဲ့ကို လက်ခံတွေ့ဆုံပြီးနောက် ဘီယာသည် လူလာနှင့် လေဆိပ်ခန်းမ ဆောင်တွင် သီးသန့် ဆွေးနွေးပွဲ ကျင်းပကြောင်း မီဒီယာသတင်းများက ဖော်ပြသည်။

စီစဉ်

မှတ်ပုံတင်တံဆိပ်များဖြင့် ထုတ်လုပ်ခြင်းမဟုတ်သောဆေးဝါးများနှင့်ပတ်သက်ပြီး ကင်မရွန်းသို့ ဖြစ်နိုင်ခြေရှိသော နည်းပညာလွှဲပြောင်းပေးမှု အပါအဝင် ကျန်းမာရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ သဘောတူညီမှုများကို လက်မှတ်ရေးထိုးကြရန် နှစ်နိုင်ငံစလုံးက စီစဉ်ထားကြကြောင်း ကင်မရွန်း တာဝန်ရှိသူများက ပြောကြားကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

ဆိုက်ပရပ်စ်နှင့်အိန္ဒိယ ပူးပေါင်းဆောင်ရွက်ရေး စာချုပ် လက်မှတ်ရေးထိုး

နီကိုးရှား ဧပြီ ၁၇

ဆိုက်ပရပ်စ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ ချစ်ကြည်မှုမြှင့်တင်ရေး စသည့်ကိစ္စများနှင့်ပတ်သက်၍ သောကြာနေ့က သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြသည်။ ထိုစာချုပ်တွင် စီးပွားရေး၊ ကုန်သွယ်ရေး၊ စက်မှု၊ ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် ကျန်းမာရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်ပါရှိသည်။

နှစ်နိုင်ငံ သဘောတူစာချုပ်ကို ဆိုက်ပရပ်စ်နိုင်ငံ စီမံကိန်းဌာနမှ ညွှန်ကြားရေးမှူးချုပ် အင်ဒရီရပ်မိုလက်စကီးက လက်မှတ်ထိုးပြီး အိန္ဒိယနိုင်ငံဘက်မှ ကုန်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ အမ်ယီဂျစ်ဆီဂွပ္ပတားက လက်မှတ်ရေးထိုးသည်။

အိန္ဒိယနိုင်ငံ၏ ချစ်ကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဆိုက်ပရပ်စ်နိုင်ငံ၏ ရန်းကန်မှုများတွင် အိန္ဒိယပြည်သူများ၏ စဉ်ဆက်မပြတ် ထောက်ခံမှုကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ဆိုက်ပရပ်စ်ညွှန်ချုပ် မိုလက်စကီးက လက်မှတ်ထိုးပွဲအပြီးတွင် ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် စစ်တွေမြို့ လောကာနန္ဒာစေတီတော် ဖူးမြော်ကြည်ညို အောင်စကြာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး အလှူငွေများပေးအပ် စစ်တွေမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဧပြီ ၁၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာလာကြရာ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရခိုင်ပြည်နယ် စစ်တွေလေဆိပ်သို့ရောက်ရှိသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သန်းထွန်းအောင်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရခိုင်ရိုးရာစည်တော်အဖွဲ့နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များက စစ်တွေလေဆိပ်တွင် ရိုးရာအစဉ်အလာမပျက် နံ့သာရည်များဖြင့် အတာရေပက်ဖျန်း၍ ဂါရဝပြု ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စစ်တွေတပ်နယ်ရှိ ဇန္ဒုလရိပ်သာသို့ ရောက်ရှိကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကမ်းနားလမ်း ထိန်းသိမ်းမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ဇနီးဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင် လိုက်ပါလျက် ညနေပိုင်းတွင် စစ်တွေရှုခင်းသာသို့သွားရောက်ပြီး စစ်တွေမြို့၏ ပတ်ဝန်းကျင် သဘာဝ သာယာလှပမှုရှုခင်းများကို စစ်တွေရှုခင်းသာစခန်းမှနေ၍ ကြည့်ရှုကြသည်။

ညပိုင်းတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်သို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ အရှေ့မုခ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ရေချမ်း၊ဆီမီးတို့ဖြင့် ကပ်လှူ ဖူးမြော်ကြည်ညို ကန်တော့ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် စေတီတော်ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ဇနီးဒေါ်ကြိုင်ကြိုင်နှင့်မိသားစုတို့သည် စေတီတော်အတွက် အလှူငွေများကိုဂေါပကအဖွဲ့သို့ပေးအပ်လှူဒါန်းကြပြီး ဂေါပကအဖွဲ့က အနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာနှင့် စေတီတော်ပုံတော်တို့ကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် စေတီတော်အား လက်ယာရစ် လှည့်လည်ကြည်ညိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် လောကာနန္ဒာစေတီတော်မြတ် ပရိဝုဏ် အောင်စကြာမုနိသိမ်တော်ကြီးရှိ အောင်စကြာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် မိသားစုတို့သည် အောင်စကြာမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြပြီး ဂေါပကအဖွဲ့က အနုမောဒနာဂုဏ်ပြုလွှာနှင့် အောင်စကြာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ပုံတော်တို့ကို ပြန်လည်ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စစ်တွေတပ်နယ်ရှိ ဇန္ဒုလရိပ်သာသို့ ရောက်ရှိရပ်နားကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစု ရခိုင်ပြည်နယ် စစ်တွေမြို့ အောင်စကြာမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်အတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ရခိုင်ပြည်နယ်တာဝန်ခံ ပြည်ထဲရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေတို့သည် ဧပြီ ၁၄ရက် မွန်းလွဲ ၁နာရီခွဲတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်၍ ရခိုင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဦးကျော်ရင်နှင့် အလုပ်အမှုဆောင်များ၊ စစ်တွေခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းဝင်းနှင့် အလုပ်အမှုဆောင်များ၊ စစ်တွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောလှအောင်နှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့် အသင်းဝင်များအားတွေ့ဆုံကြသည်။

ယင်းသို့ တွေ့ဆုံကြရာတွင် ရှေးဦးစွာ ရခိုင်ပြည်နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဦးကျော်ရင်က ရခိုင်ပြည်နယ်အတွင်း၌ အသင်းအဆင့်ဆင့်ဖွဲ့စည်းထားရှိမှု၊ အသင်းဝင် အင်အား၊ ပြည်နယ်အသင်းက နွေရာသီသင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချပေးနေမှု အခြေအနေနှင့် အခြေခံဆင့်ပွားသင်တန်းများဖွင့်လှစ်ရန် လျာထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အသင်းကြီး၏ ရည်ရွယ်ချက်များ၊ သင်းလုံးကျွတ် အစည်းအဝေးကြီးက ချမှတ်လိုက်သည့် ရှေ့လုပ်ငန်းစဉ်များ ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ပြည်သူများ ယုံကြည်အားကိုးမှုရှိသည့် အသင်းကြီးဖြစ်အောင် ဆောင်ရွက်ရေး၊ ဒေသခံ နယ်မြေလူထုနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် စည်းရုံးရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ရခိုင်ပြည်နယ် တာဝန်ခံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက ပြည်နယ်အသင်း၏ စီးပွားရေးလုပ်ငန်းအတွက် ပြည်နယ်အတွင်း ရော်ဘာစိုက်ပျိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရေးနှင့် ပြည်နယ်အသင်းအတွက် ပံ့ပိုးဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တွေ ရှုခင်းသာစခန်းမှ စစ်တွေမြို့၏ ပတ်ဝန်းကျင် သဘာဝ သာယာလှပမှု ရှုခင်းများကို ကြည့်ရှုစဉ်။
(သတင်းစဉ်)



နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆီးရီးယားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၁၇

၂၀၀၅ ခုနှစ် ဧပြီ ၁၇ရက်တွင် ကျရောက်သော ဆီးရီးယားအာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆီးရီးယားအာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘာရှာအယ်(လ်)အာဆက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ရေအားလျှပ်စစ်စီမံကိန်းများ ဖြန့်ကြက်တည်ဆောက်

ကချင်ပြည်နယ် ဧရာဝတီမြစ်ကျဉ်း ရေအားလျှပ်စစ်စီမံကိန်း၊ စစ်ကိုင်းတိုင်း မော်လိုက်နှင့် မဏိပူ ရေအားလျှပ်စစ် စီမံကိန်းများ၊ ရှမ်းပြည်နယ် ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ကျိုင်းတုံမြို့အနီးရှိ နမ့်လွေ ရေအားလျှပ်စစ်စီမံကိန်း၊ တနင်္သာရီတိုင်း မေယွန် ရေအားလျှပ်စစ်စီမံကိန်းစသည်တို့ကို တစ်နိုင်ငံလုံး၌ ဖြန့်ကြက်တည်ဆောက်ပေးနေ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရခိုင်ပြည်နယ် သံတွဲမြို့ အဏ္ဏဝါရိပ်သာခန်းမ၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် နိုင်ငံတော်တစ်ဝန်းလုံးတွင် လျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

❀ **ကျောဖုံးမှ**

ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် စီမံကိန်းအလိုက် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့် အခြေအနေတို့ကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့က ဝန်ကြီးဌာနအလိုက် ပံ့ပိုးဆောင်ရွက်ပေးမည့်လုပ်ငန်းအခြေအနေများကို ဖြည့်စွက်တင်ပြကြသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က နိုင်ငံတော်တစ်ဝန်းလုံးတွင် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာ၌ မိမိတို့အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးမှုအစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပါဝင်လာစေရအောင် စီမံဆောင်ရွက်ပေးရမှာဖြစ်ကြောင်း။

အဆင့်လိုက်ဆောင်ရွက်

ရခိုင်ပြည်နယ်တစ်ခုလုံး လျှပ်စစ်ဓာတ်အားကို ထိုက်သင့်သလောက်ရရှိရေး ရည်မှန်းချက်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးစီမံကိန်းများကို စနစ်တကျ အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ကချင်ပြည်နယ်အတွင်း ဧရာဝတီမြစ်ကျဉ်း ရေအားလျှပ်စစ်စီမံကိန်း၊ စစ်ကိုင်းတိုင်းအတွင်း မော်လိုက်နှင့်မဏိပူရေအားလျှပ်စစ်စီမံကိန်းများ၊ ရှမ်းပြည်နယ်တွင် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း၊ ကျိုင်းတုံမြို့အနီးရှိ နမ့်လွေ ရေအားလျှပ်စစ်စီမံကိန်း၊ တနင်္သာရီတိုင်းအတွင်း မေယွန်ရေအားလျှပ်စစ်စီမံကိန်း စသည်တို့ကို တစ်နိုင်ငံလုံး၌ ဖြန့်ကြက်တည်ဆောက်ပေးနေသော ဒေသအလိုက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေး စီမံကိန်းများ အကောင်အထည်ပေါ်ဘက်စုံကဏ္ဍစုံမှာ ၁၀နှစ်ကျော်ကာလမျှ ကြိုးစားလုပ်ကိုင်ခဲ့ကြကြောင်း။

ရခိုင်ပြည်နယ်သည် အဘက်ဘက်က ဖွံ့ဖြိုးမှုနောက်ကျနေခဲ့ရာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က စီမံဆောင်ရွက်ပေးဖို့လိုကြောင်း။

လမ်းပန်းဆက်သွယ်ရေး

ပထမဆုံးအနေဖြင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပဓာနကျသည့် လမ်းမကြီးများ၊ တံတားကြီးများကို စီမံကိန်းများချမှတ်ပြီး တည်ဆောက်ပေးခဲ့ရာ ယခုအခါတွင် လမ်းများ၊ တံတားများ များစွာဖြစ်ထွန်းလာပြီး ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးမှာလည်း တိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်း။

သို့ဖြစ်၍ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်တစ်ခုဖြစ်သော လျှပ်စစ်ဓာတ်အားရရှိရေးအတွက် တစ်ပြည်နယ်လုံး အတိုင်းအတာအထိ အစီအမံများ ချမှတ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ထို့ကြောင့် သူ့ဌေးချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ အမ်းချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ကျိန်တလီ ရေအားလျှပ်စစ်စီမံကိန်းများ စီစဉ်ဆောင်ရွက်ပေးပြီး သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်စသည့် တောင်ပိုင်းမြို့နယ်များအတွက် စီစဉ်ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ဖြစ်ထွန်းလာစေရန်ရည်မှန်းချက်ထားပြီး ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်နှင့်အညီ ရခိုင်ပြည်နယ်ကိုလည်း တစ်ပြည်လုံးနှင့် ဆက်စပ်ယှဉ်တွဲလျက်လာသည်နှင့်တစ်ပြိုင်နက် တစ်ပြည်လုံး လျှပ်စစ် ဓာတ်အားသုံးစွဲနိုင်ပြီဟုပြောနိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။

သူ့ဌေးချောင်းစီမံကိန်း

သံတွဲဒေသ၌ တည်ဆောက်မည့် သူ့ဌေးချောင်း ရေအားလျှပ်စစ်စီမံကိန်းကို မဟာဓာတ်အားလိုင်း ပြင်ပရှိ ရခိုင်ပြည်နယ် တောင်ပိုင်းဒေသများသို့ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်နှင့် မဟာဓာတ်အားလိုင်းစနစ်နှင့် ဆက်သွယ်နိုင်ရန်၊ ဒေသတွင်း ရေကြီးခြင်းမှ ကာကွယ်ရန် ရည်ရွယ်၍ တည်ဆောက်သွားမည်ဖြစ်ပြီး ယင်းစီမံကိန်းသည် သံတွဲမြို့၏ အရှေ့မြောက်ဘက် ၁၅မိုင်ခန့်အကွာတွင် တည်ရှိသည့် သတဲချောင်း (သို့မဟုတ်) သူ့ဌေးချောင်းပေါ်တွင် တည်ဆောက်သွားမည်ဖြစ်သည်။ တမံအမျိုးအစားမှာ ဇုန်အမျိုးအစားကျောက်ဖြည့်တမံ(Zone-type with Central Earth Core)ဖြစ်ပြီး တမံအလျားမှာ ပေ ၁၃၀၀ရှိ၍ တမံအမြင့်မှာ ပေ ၂၅၀ ဖြစ်သည်။

မဂ္ဂါဝပ် ၁၀၀

ကန်ရေပြည့် ရေလှောင်ပမာဏမှာ ၃ ဒသမ ၄ သိန်းဧကပေဖြစ်၍ ရေအားအမြင့်မှာ ၂၁၆ပေဖြစ်သည်။ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၀ ထုတ်လုပ်နိုင်စွမ်းရှိပြီး နှစ်စဉ်ပျမ်းမျှထုတ်လုပ်မည့် ဓာတ်အားမှာ ၃၁၈ ကီလိုဝပ် နာရီသန်းပေါင်းဖြစ်သည်။

ယင်းစီမံကိန်းကို သံတွဲဒေသနှင့် ငပလီကမ်းခြေဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ဦးစားပေးတည်ဆောက်သွားမည်ဖြစ်သည်။

အမ်းချောင်းစီမံကိန်း

အမ်းဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်သွားမည့် အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းသည် အမ်းမြို့၏ အရှေ့မြောက်ဘက် သုံးမိုင်ခွဲခန့်အကွာ အမ်းချောင်းပေါ်တွင်တည်ရှိသည်။

တမံအလျားမှာ ပေ ၁၆၀၀ရှိ၍ တမံအမြင့်မှာ ပေ၁၄၀ ရှိမည်ဖြစ်ပြီး ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၃၉၉၄၀၀ ဖြစ်သည်။

ပထမအဆင့်တွင် လျှပ်စစ်ဓာတ်အား ငါးမဂ္ဂါဝပ် ထုတ်လုပ်နိုင်၍ ဒုတိယအဆင့်တွင် လျှပ်စစ်ဓာတ်အား ၁၀မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်သည်။

နှစ်စဉ်ပျမ်းမျှဓာတ်အားထုတ်လုပ်နိုင်မှုမှာ ပထမအဆင့်တွင် ၃၃ကီလိုဝပ် နာရီသန်းပေါင်းဖြစ်၍ ဒုတိယအဆင့်တွင် ၅၃ကီလိုဝပ် နာရီသန်းပေါင်းဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဧပြီ ၁၆ရက် နံနက် ၇နာရီတွင် သံတွဲမြို့ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ သံတွဲဆီအုန်းခြံသို့သွားရောက်ပြီး ဆီအုန်းများ စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဆီအုန်းခိုင်များကို အပင်သက်တမ်းပြည့် ဆွတ်ခူးနိုင်ရေး စီမံဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်၊ စက်မှုကုန်ကြမ်းရှာဖွေရေးဌာန အထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီးဟန်တင်တို့ လိုက်ပါလျက် သံတွဲ-ငပလီ ကားလမ်းဘေး ဝဲ/ယာ၌ ရော်ဘာပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ငပလီရော်ဘာခြံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ခြံမန်နေဂျာ ဦးမင်းစွမ်းရည်က ခြံ၏တည်နေရာ၊ ရော်ဘာစိုက်ပျိုးထားရှိမှု အခြေအနေ၊ ၂၀၀၄-၂၀၀၅ ခုနှစ် ရော်ဘာထုတ်လုပ်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ရော်ဘာထုတ်လုပ်မှု တိုးတက်အောင် ဆောင်ရွက်ရေး၊ ပြည်ပရောင်းတမ်းဝင် စံချိန်မီ ရော်ဘာပြားများ ထုတ်လုပ်နိုင်ရေးအတွက် အရည်အသွေးကို ဂရုပြုဆောင်ရွက်သွားရန်၊ မျိုးကောင်းမျိုးသန့်များ ရှာဖွေစိုက်ပျိုးသွားရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ရော်ဘာခြံအတွင်း ရော်ဘာပျိုးပင်များ စိုက်ပျိုးထားရှိမှုအခြေအနေ၊ ရော်ဘာကြိတ်စက်၊ မှိုင်းခံသိုလှောင်ရုံနှင့် ရိပ်သာဆောက်လုပ်မည့်နေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

မအူပင်မြို့နယ်အသင်း(ရန်ကုန်) ရွှေရတုအစည်းအဝေးကျင်းပမည်

ရန်ကုန် ဧပြီ ၁၈

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့်အတူ နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနား၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ တက္ကသိုလ်ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲ၊ မအူပင်မြို့၊ မြို့ဦးပေါ်တော်မူစေတီအသစ် ပြန်လည်တည်ထားခြင်းနှင့် အထွေထွေရောဂါကုဆေးရုံကြီး(မအူပင်)တို့အတွက် အလှူငွေပေးအပ်ပွဲများကို မေ ၇ရက် နံနက် ၉နာရီတွင် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်အနီးရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ခမ်းမရုံ၌ကျင်းပမည်ဖြစ်သည်။ အသက် (၇၅)နှစ်နှင့်အထက်အသင်းဝင်များ၊ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူအသင်းဝင်များ၏ သားသမီးများနှင့် တက္ကသိုလ်ထောက်ပံ့ကြေးလျှောက်ထားလိုသူများသည် ဧပြီ ၃၀ရက်နောက်ဆုံးထား၍ အသင်းရုံး ဖုန်း-၅၀၅၉၇၄ နှင့် အမှုဆောင်များထံသို့ စာရင်းပေးပို့ကြရန်နှင့် နှစ်ပတ်လည်အစည်းအဝေးသို့ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းဝင်များ၊ အသင်းမဝင်ရသေးသူများ၊ မြို့နယ်သူ၊ မြို့နယ်သားများလည်း မိသားစုနှင့်အတူ တက်ရောက်ကြပါရန် နိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ထူးခြားသည့်နေ့အပူချိန်

(၁၈-၄-၂၀၀၅)

မြင်းခြံ

၄၄ ဒီဂရီစင်တီဂရိတ် (၁၁၁ ဒီဂရီဖာရင်ဟိုက်)

နိုင်ငံတော်ကြီးကို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နေခြင်းသည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများအားလုံး အကျိုးအတွက်ပင်ဖြစ် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အားပေးဖိတ်ခေါ်

ရန်ကုန် ဧပြီ ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဧပြီ ၁၇ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာရာ နံနက် ၈နာရီ ၂၅မိနစ်တွင် အမ်းမြို့သို့ ရောက်ရှိသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များအား အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်လှိုင်နှင့် တပ်မတော် အရာရှိများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် အမ်းမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း အမ်းတပ်နယ်ရှိ အမ်းရိုးမခန်းမ၌ အမ်းတပ်နယ်အတွင်းရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများ၊ အမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ပြည်သူ့ဆေးရုံ

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် တည်ဆောက်ပြီးစီးနေပြီဖြစ်သည့် အမ်းမြို့ ပြည်သူ့ဆေးရုံ (ခုတင်-၁၀၀)ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် အမ်းမြို့ တပ်နယ်ရိပ်သာသို့ ရောက်ရှိကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် အမ်းတပ်နယ်ရှိ အမ်းရိုးမခန်းမသို့ သွားရောက်၍ အမ်းတပ်နယ် အတွင်းရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ရှေးဦးစွာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်က အမ်းဒေသ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ လမ်းပန်းဆက်သွယ်ရေးဆောင်ရွက်ပေးမှု အခြေအနေများ၊ စက်မှုဇုန်ဆောင်ရွက်မည့် အစီအမံများနှင့် စိုက်ပျိုးရေး၊မွေးမြူရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းက ရခိုင်ပြည်နယ်အတွင်း လမ်း၊ တံတားများ ဆောင်ရွက်ပေးနေမှု အခြေအနေ၊ မအီ-ကျောက်ဖြူလမ်း အပိုင်းတွင် တံတားများ တည်ဆောက်ပေးနေမှု အခြေအနေ၊ လမ်းများအဆင့်တိုးမြှင့် ဆောင်ရွက်ပေးနေမှု အခြေအနေနှင့် ဆက်လက် ဆောင်ရွက်ပေးသွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမ်းမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ရခိုင်ပြည်နယ် အတွင်း စပါးသီးနှံ စိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ရော်ဘာနှင့် ငရုတ်ကောင်း စိုက်ပျိုးရေးတို့အတွက် မျိုးကောင်းမျိုးသန့်များ ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမ်းဒေသတွင် ရေကြောင်းနှင့် မော်တော်ယာဉ်လိုင်းများ စီစဉ်ဆောင်ရွက်ပေးထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ရခိုင်ပြည်နယ်၏ သား/ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ ဒေသကြက်နှင့် ဒေသဝက် မွေးမြူရေး၊ တစ်ပိုင်တစ်နိုင်ငါးမွေးမြူရေး၊ ပုစွန်မွေးမြူရေးတွင် ဒေသ၏ သဘာဝ မွေးမြူရေးစနစ်မှ ခေတ်မီစနစ်သို့ ကူးပြောင်းရေးတို့အတွက် ဝန်ကြီးဌာနက ပံ့ပိုးဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ရခိုင်ပြည်နယ် ခရီးစဉ်အတွင်း အမ်းမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ဖွယ်ရာများ သွားရောက်ကြည့်ရှုဆောင်ရွက်ပေးရန် လမ်းညွှန်ချက်အရ ဗိုလ်ချုပ်ကြီး သူရရွှေမန်း ဦးဆောင်လျက် မိမိတို့ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း။

အလေးပေးဆောင်ရွက်

နိုင်ငံတော်အကြီးအကဲ အနေဖြင့် အမ်းမြို့နယ်သည် ပထဝီအနေအထားအရ အချက်အချာ ကျသော်လည်း လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်၍ ဖွံ့ဖြိုးမှု နောက်ကျနေခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေးမှအစ ဒေသဖွံ့ဖြိုးရေးကို အလေးပေးဆောင်ရွက်စေခဲ့ကြောင်း။

ယခုဆိုလျှင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၌ မင်းဘူး-အမ်း-စစ်တွေ လမ်းမကြီးသာမက အမ်း-တောင်ကုတ်- သံတွဲ-ဂွ လမ်းမကြီးနှင့် အမ်း-ကျောက်ဖြူ လမ်းမကြီး ပေါ်ပေါက်လာခဲ့ပြီဖြစ်ကြောင်း။

အမ်းမြို့နယ်၏ သောက်သုံးရေအတွက် ဟင်းရွက်ချောင်းဆည်ကို တည်ဆောက်ပေးခဲ့ပြီး မကြာမီတွင် အမ်းမြို့နယ် လျှပ်စစ်မီး ပိုမိုရရှိရေးအတွက် အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း။

အလားတူပင် လေယာဉ်ပြေးလမ်းပေ ၈၀၀၀ ကျော် ရှိသည့် အမ်းလေယာဉ်ကွင်းကြီးကို တည်ဆောက်လျက်ရှိသကဲ့သို့ ကျန်းမာရေးကဏ္ဍတွင်လည်း ခုတင် ၁၀၀ ဆံ့ဆေးရုံသစ်ကြီး တည်ဆောက် ပြီးစီးနေပြီဖြစ်ကြောင်း။

တံခါးပေါက်

ကျောက်ဖြူမြို့ ဖွံ့ဖြိုးရေးအတွက်လည်း အစီအမံများ ချမှတ်ဆောင်ရွက်နေရာ ကျောက်ဖြူမြို့၏ တံခါးပေါက်ဟုဆိုရမည့် အမ်းမြို့နယ်လည်း ပိုမိုတိုးတက် စည်ပင်လာတော့မှာဖြစ်ကြောင်း။

ဒေသခံပြည်သူများကလည်း နိုင်ငံတော်၏ အစီအမံများနှင့်အညီ စပါး၊ ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးသာမက ရော်ဘာ၊ ငရုတ်ကောင်းစသည့် သီးနှံများ တိုးတက်ထုတ်လုပ် သွားရန် ပြောကြားသည်။

ထူးခြားသည့်တာဝန်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာ၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့ မင်္ဂလာအခါသမယတွင် အမ်းမြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်မိသားစုများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အကြီးအကဲ၏ ကိုယ်စား ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆွေးနွေးမှာကြားခွင့်ရရှိသည်မှာ ထူးခြားသည့် တာဝန်တစ်ရပ်ပင်ဖြစ်ကြောင်း၊ မိမိနှင့်အတူလိုက်ပါလာခဲ့ကြသည့် ဒေသတာဝန်ခံ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်တကွ နိုင်ငံတော်အစိုးရ ဝန်ကြီးများအားလုံးက အမ်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်မည့် အစီအမံများကို အဓိကထားပြီး ရှင်းလင်းပြောကြားခဲ့ကြကြောင်း။

ဒေသတစ်ခု၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးသည် ယင်းဒေသတွင် မှီတင်းနေထိုင်ကြသည့် ပြည်သူတစ်ဦးချင်း၏ ဖွံ့ဖြိုးတိုးတက်မှု အပေါ်တွင် မှီတည်နေကြောင်း။

ပြည်သူတစ်ဦးချင်း ဖွံ့ဖြိုးတိုးတက်လာမှ မိသားစု၊ ရပ်ရွာဒေသ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းနှင့် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် ရည်မှန်းတည်ဆောက်လျက် ရှိခြင်းသည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများအားလုံး အကျိုးအတွက်ပင်ဖြစ်ကြောင်း။

အားပေးဖိတ်ခေါ်

သို့ဖြစ်၍ နိုင်ငံတော်တာဝန်ရှိသူများက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ ပြည်သူများ အကျိုးဖြစ်ထွန်းစေရေးအတွက် ဝိုင်းဝန်းလုပ်ဆောင်ကြရန် အားပေးဖိတ်ခေါ် တိုက်တွန်းပြောကြားနေခြင်းဖြစ်ကြောင်း။

ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း နိုင်ငံတော်တာဝန်ရှိသူများ အခေါက်ခေါက် အခါခါ လာရောက်ပြီး အဘက်ဘက်က စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း အမ်းမြို့ ပြည်သူ့ဆေးရုံ (ခုတင်-၁၀၀)ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဟုတ်ပါ့မလား မောင်ကာဋ္ဌုရဲ့ – ဒေါ့ထက်တောင်ပိုသေး

မောင်ကာဋ္ဌု

(အဘိုး) လာဟေ့မောင်ကာဋ္ဌု သင်္ကြန်တုန်းက မင်းဥပုသ်စောင့်ဖြစ်ရဲ့လား။

(မောင်ကာဋ္ဌု) နှစ်ဆန်းတစ်ရက်နေ့မှာတော့ ဥပုသ်စောင့်ဖြစ်ပါတယ်။ သင်္ကြန်ရက်မှာတော့ မန္တလေးသင်္ကြန်ပွဲနွှဲနေတယ်။ ခါတိုင်းထက်တောင်စည်တယ်အဘိုးရဲ့၊ မန္တလေးမှာ မဲခေါင်မြစ်ဝှမ်းနိုင်ငံတွေ၊အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက လာရောက်ပြီး မြန်မာ့သင်္ကြန်ပွဲ အတူဆင်နွှဲကြတော့ ပိုပြီးစည်တယ် အဘိုးရဲ့။

(ဘိုး) ကောင်းတာပေါ့ကွာ– ဒို့လဲ ရုပ်မြင်သံကြားသတင်းမှာ မြင်လိုက်ရတယ်။ မန်းသင်္ကြန်ကတော့ အစဉ်အလာအတိုင်း စည်ကားပေ့ကွာ။ ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ်နဲ့ မြန်မာနိုင်ငံကိုယ်စားပြု သင်္ကြန်အလှပြယာဉ်တွေကိုလည်း တအံ့တသြမြင်လိုက်ရပါတယ်။ သင်္ကြန်ပွဲဆင်နွှဲတဲ့အာဆီယံမိသားစုဝင်နိုင်ငံစုံက ဧည့်သည်များက ပျော်ရွှင်ချမ်းမြေ့စွာနဲ့ ရေပက်ကစားကြရင်း မြန်မာ့သင်္ကြန်ယဉ်ကျေးမှုကို ဂုဏ်တင်ချီးကျူး ပြောကြားသွားကြတာလဲ ကြားလိုက်ရပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာ့အရပ်ရပ်က ခရီးသွားတွေ လာရောက်လေ့လာဖို့ အလွန်လှပ၊ ပျူငှာတဲ့ နိုင်ငံပါပဲလို့ မှတ်ချက်ချသွားကြတယ်လေကွာ။

(ဋ္ဌု) သင်္ကြန်မတိုင်ခင်ရက်များမှာ နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းရဲ့လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်များကို ရုပ်မြင်သံကြားမှာ ကြည့်လိုက်ရတယ်။ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြရင်း မြန်မာနိုင်ငံကို မိမိတို့ ထောက်ခံသွားမှာ ဖြစ်တယ်လို့ ပြောကြတယ်။ ပြည်ပက နှောင့်ယှက်ပြီး ဖျက်လိုဖျက်ဆီး ပြောဆိုနေတာတွေကို ဂရုစိုက်မနေဘဲ ကိုယ့်နိုင်ငံ ကောင်းအောင် ကြိုးစားလုပ်ဆောင်သွားဖို့ သုံးနိုင်ငံစလုံးက အားပေးစကားပြောကြားလိုက်ကြတယ်။

(ဘိုး) အေး–ဒါဟာလဲမြန်မာနိုင်ငံရဲ့ စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာနေမှုကို မရှုဆိတ်တဲ့ပြည်တွင်းပြည်ပ အဖျက်အင်အားစုတွေက အကြောင်းမဲ့သက်သက် မမှန်မကန်အပုပ်ချစွပ်စွဲနေတာတွေကို သူတို့သိကြောင်း၊ သူတို့လဲ အဲဒီလို မလိုတမာ နှောင့်ယှက်ခံခဲ့ရကြောင်း ထုတ်ဖော်ပြောကြားရင်း အဲဒီအဖျက်သမားတွေကို ဂရုစိုက်မနေဖို့ ပြောကြားလိုက်တာပဲ။

(ဋ္ဌု) ဟုတ်တယ်အဘိုး၊ သူတို့က မြန်မာနိုင်ငံရဲ့ ပကတိ အခြေအနေမှန်ကို သိနေကြတယ်လေ။

(ဘိုး) ဒို့နိုင်ငံ အာဆီယံအဖွဲ့ထဲဝင်မယ်ဆိုတော့လဲ အဲဒီပါးစပ်မျိုးစုံက အော်ဟစ်–ကန့်ကွက်ခဲ့ကြတာပဲ။ ဖိအားပေး၊ အကျပ်ကိုင်ခြိမ်းခြောက်တာတွေ၊ ဖြားယောင်းသွေးဆောင်တာတွေ၊ ဘောတီးတာတွေစုံနေတာပဲ၊ သူတို့ဘယ်လောက် ကန့်ကွက်ကန့်ကွက် ၁၉၉၇ခုနှစ်မှာ ဒို့နိုင်ငံဟာ အာဆီယံအဖွဲ့ဝင်ဖြစ်လာတာပဲ။

(ဋ္ဌု) အဲဒီနောက်လဲ မြန်မာနိုင်ငံရဲ့နိုင်ငံရေး မတည်ငြိမ်မှုဟာ ဒေသတွင်း နိုင်ငံတွေအတွက်တောင် အန္တရာယ်ရှိနေပြီ၊ လူ့အခွင့်အရေးချိုးဖောက်နေပြီစသဖြင့် ပုတ်ပုတ်ခတ်ခတ်ပြောပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်ပါဆိုတဲ့ အသံတွေ အနောက်က လေထဲပါလာပြန်တယ်။

(ဘိုး) ဒို့မှတ်မိပါတယ်။ အဲဒီတုန်းက အာဆီယံဥက္ကဋ္ဌ အလှည့်ကျနေတဲ့ ဗီယက်နမ်နိုင်ငံက အဖွဲ့ဝင်နိုင်ငံတွေရဲ့ ပြည်တွင်းရေးကို အာဆီယံအဖွဲ့ကြီးက ဝင်ရောက်မစွက်ဖက်ရေးမူ ကျင့်သုံးလာတာ နှစ်ပေါင်းသုံးဆယ်ကျော်နေပြီ၊ ဒါ့ကြောင့် ဘယ်အဖွဲ့ဝင်နိုင်ငံရဲ့ ပြည်တွင်းရေးကိုမှ အဖွဲ့က ဝင်မစွက်သင့်ဘူးလို့ ခပ်ပြတ်ပြတ်ပြောလိုက်တယ်လေ။

(ဋ္ဌု) အဲဒီနောက်မှာလည်း မြန်မာနိုင်ငံအပေါ် အာဆီယံက လျစ်လျူမရှုသင့်ဘူးလို့ သပ်လျှိုဘောတီးခဲ့ကြပြန်တယ်လေ။ ဒါပေမယ့် ဖုန်မထပါဘူး။

(ဘိုး) မနှစ်က အင်ဒိုနီးရှားမှာကျင်းပတဲ့ အာဆီယံထိပ်သီးအစည်းအဝေးကာလမှာလဲ မြန်မာနိုင်ငံကို အာဆီယံအဖွဲ့က ထုတ်ပစ်တော့မယ်လို့ အကြိုကာလနဲ့စည်းဝေးနေတဲ့ ကာလတစ်လျှောက် အနောက်မီဒီယာတွေက ဘောတီးခဲ့ကြတာပဲလေ။ ဒါပေမယ့် အဖွဲ့ဝင်နိုင်ငံ အားလုံးက မြန်မာနိုင်ငံက ချမှတ်ဆောင်ရွက်နေတဲ့ မူဝါဒလမ်းစဉ် (၇)ရပ်ကို ထောက်ခံကြိုဆိုလိုက်ကြတဲ့အတွက် အသံတွေတိတ်သွားခဲ့ရတယ်လေ။

(ဋ္ဌု) နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းရဲ့ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား သုံးနိုင်ငံခရီးစဉ်မှာ မြန်မာနိုင်ငံကို ထောက်ခံပြောဆိုပြီး၊ အဖျက်သမားတွေ ပြောတာဂရုစိုက်မနေနဲ့လို့ ပြောလိုက်ကြတော့ တော်တော် စားမဝင်အိပ်မပျော်ဖြစ်ကြရဦးမှာပဲ။

(ဘိုး) ဒို့မြန်မာတွေရဲ့ နှစ်သစ်မင်္ဂလာအခါသမယမှာ အဲဒီ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်သမားတွေ အကြောင်းပြောနေရတာ မနိပ်ပါဘူးကွာ။ ဒို့မင်္ဂလာယူရမယ့် အချိန် မင်္ဂလာရှိတာတွေ ပြောကြစို့။ ဒီ ၂၀၀၅ ခုနှစ် နှစ်ဦးပိုင်းမှာ သံလွင်တံတား(မော်လမြိုင်) အပါအဝင် တံတားသစ်တွေ၊ ဆည်တမံသစ်တွေ၊ ရေအားလျှပ်စစ် စက်ရုံသစ်တွေ ဖွင့်ခဲ့တာ များလှပြီ။ အခုသင်္ကြန်အကြိုရက်တွေကြည့်၊မြန်မာ့ယဉ်ကျေးမှု တံခွန်ထူမယ့် ရွှေဟောင်းအမွေပုဂံမြေမှာ နန်းမြင့်မျှော်စင်ဖွင့်လိုက်ပြီလေ။ ဧပြီ ၁၀ ရက်က ဖွင့်လိုက်တဲ့ ပုဂံနန်းမြင့်မျှော်စင်ဟာ ၁၉၈ ပေမြင့်ပြီး အချင်း ၅၄ ပေ ကျယ်တယ်။ အထပ် ၁၃ ထပ်ပါတယ်၊ မုန်တိုင်းဒဏ်၊ ငလျင်ဒဏ် ခံနိုင်အောင် ခေတ်မီအဆင့်မြင့်နည်း သုံးထားတယ်၊ ၁၁ ယောက်စီး ခေတ်မီ အဆင့်မြင့် ဓာတ်လှေကားသုံးစင်း တပ်ထားတယ်၊ ပုဂံမြေအလှ၊ ပုဂံမြေရဲ့ အနုပညာဗိသုကာ လက်ရာတွေနဲ့ သာယာလှပတဲ့ ရှုခင်းတွေကို တစ်ဝကြီး ကြည့်ရှုခံစားနိုင်ကြပြီပေါ့ကွာ။

(ဋ္ဌု) ဟုတ်တာပေါ့၊ ဧပြီ ၁၂ ရက်နေ့က ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် တီကျစ်ဒေသမှာ တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ ဖွင့်လိုက်ပြန်ပြီလေ။ မဂ္ဂါဝပ် ၆၀ ထုတ်လုပ်ပေးမယ့် တာဘိုင်စက်နှစ်လုံး တပ်ဆင်ထားပြီး ပထမတစ်လုံးက စွမ်းအားပြည့်ထုတ်လုပ်နေပြီတဲ့ အဘိုးရဲ့။

(ဘိုး) အေး– ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတွေလည်း အများကြီး တည်ဆောက်ထားပြီ။ ရေအားလျှပ်စစ်ဓာတ်အားပေးစက်က မိုးရာသီမှာ အင်အားပြည့် လည်ပတ်နိုင်တယ်။ နွေရာသီရေနည်းသွားရင် အခက်အခဲကြုံရတတ်တယ်။တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံကတော့ စက်ပျက်တာမျိုးကလွဲရင် ရပ်စရာအကြောင်း မရှိဘူး၊ တီကျစ်ဒေသက ကျောက်မီးသွေးအထွက်ကောင်းတယ်လေကွယ်။

(ဋ္ဌု) အခုအချိန်အထိ ဆည်တမံ ၁၇၂ ခု တည်ဆောက်ပြီးစီးခဲ့တဲ့အပြင် ဆည်တမံစီမံကိန်းလုပ်ငန်း ၃၅ ခု ဆောင်ရွက်ဆဲဖြစ်တယ်။ မြစ်ရေတင်စီမံကိန်းကလဲ နှစ်ရာကျော်ပြီ၊ ဒါ့ကြောင့် ၁၉၈၈ ခုနှစ်မှာ စိုက်ပျိုးမြေဧက ၂၄ ဒသမ ၈ သန်းသာရှိခဲ့ရာမှ အခုဆိုရင် ၂၆ ဒသမ ၆ သန်းအထိ တိုးတက်လာပြီ။ စက်မှုလယ်ယာစနစ် ကူးပြောင်းရေးကိုလည်း ကြိုးပမ်းဆောင်ရွက်နေဆဲပဲခင်ဗျာ။

(ဘိုး) နိုင်ငံမှာ ခေတ်မီစီးပွားရေးစနစ်ဖြစ်ထွန်းဖို့က စက်မှုလက်မှုဖွံ့ဖြိုးအောင် လုပ်ကြရတယ်ကွ။ အခု ပုဂ္ဂလိကစက်မှုဇုန် ၁၉ ဇုန်နဲ့ ပုဂ္ဂလိကစက်ရုံ ၄၂၇၀၇ ရုံ၊ နိုင်ငံပိုင်စက်ရုံ၈၃၃ ရုံ၊ အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းပေါင်း ၈၅၀၀ တို့ကို တည်ဆောက် ထူထောင်နိုင်ခဲ့ပြီလေ။ ရခိုင်ကမ်းလွန်မှာလည်း သဘာဝဓာတ်ငွေ့တွေ ရှာဖွေတွေ့ရှိနေပြီ။ အိန္ဒိယက ပိုက်လိုင်းသွယ်ပြီး ဝယ်ယူဖို့ စီစဉ်ထားပြီ။ ရတနာကမ်းလွန်မှာ သဘာဝဓာတ်ငွေ့တွေ အမြောက်အမြားထွက်လို့ ထိုင်းနိုင်ငံက ဝယ်ယူခဲ့တယ်လေ။

(ဋ္ဌု) ဟုတ်ပါ့၊ အဲဒီတုန်းက ပိုက်လိုင်းသွယ်လို့ သဘာဝပတ်ဝန်းကျင်တွေ ပျက်ကုန်ပါပြီ၊ အဓမ္မလုပ်အားပေးခိုင်းနေပြီဆိုပြီး ပိုက်လိုင်းမသွယ်ဖြစ်အောင် ပြည်တွင်း၊ ပြည်ပအဖျက်သမားတွေပေါင်းပြီး ဖျက်လိုက်ကြတာ၊ ဓာတ်ငွေ့ပိုက်လိုင်းတွေ၊ ရထားလမ်း၊ ကားလမ်းတွေ၊ဆည်တမံတွေ၊ တံတားတွေ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံမျိုးစုံတွေ၊ တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာသင် ကျောင်းတွေ၊ ဆေးရုံဆေးခန်းတွေ တိုးချဲ့တည်ဆောက်ပေးနေတာကို အဲဒီအဖျက်သမားတွေက မရှုဆိတ်ကြပေမယ့် ကျွန်တော်တို့နိုင်ငံအဖို့တော့ အပေါင်းလက္ခဏာတွေချည်းပဲ ခင်ဗျာ။ ဒီအခြေအနေကောင်း တွေကို အကောင်းမမြင်နိုင်တဲ့ ပြည်ပက အဖျက်သမားတွေကို ထားပါဦး၊ မြန်မာ့မြေပေါ်မှာမွေးပြီး မြန်မာလူမျိုးတွေ ကောင်းစားတာကို မလိုလား၊ မရှုဆိတ်တဲ့ ပြည်ပြေးအဖျက်သမားတွေရဲ့စိတ်သဘောထားကတော့ အံ့သြစရာကောင်းတယ် အဘိုး။

(ဘိုး) နေစမ်းပါစေကွာ။ နိုင်ငံတွင်းက ဥပဒေချိုးဖောက်ပြီး ပြည်ပထွက်ပြေး၊ ပြည်ပမှာလက်ဖြန့်ခံတောင်းစား၊ ခိုင်းတာလုပ်နေရတဲ့ဘဝ ရောက်နေတဲ့ လူတွေဟာ စောစောကပြောတဲ့ အလှေအမွှားတွေပါပဲ။ ဖုန်မထပါဘူး။

(ဋ္ဌု) ၁၉၈၅ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့တဲ့ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA) ဦးကန်နဦးစီးတပ်မဟာ (၁၁)က ငြိမ်းချမ်းရေးနဲ့ လက်နက် အပြီးအပိုင်လဲလှယ်တဲ့အခမ်းအနားကို ဧပြီ ၁၂ရက်နေ့က ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးခရိုင် သိန်းနီမြို့နယ် စယ်အူကျေးရွာမှာ ကျင်းပသွားတဲ့သတင်း တွေ့လိုက်ရတယ်၊ SSNA တပ်မဟာမှူး ဦးကန်န၊ ဒုတိယတပ်မဟာမှူး ဦးအိန္ဒာ၊ တပ်မဟာ(၁၁) လက်အောက်ခံ တပ်ရင်းအမှတ်(၁၉) တပ်ရင်းမှူး ဦးစိုင်းဖုန်း၊ အမှတ်(၂၅) တပ်ရင်းမှူး ဦးခမ်းမွန်၊ အမှတ်(၂၇) တပ်ရင်းမှူး ဦးပွမ်ဝမ်း အပါအဝင် တပ်ဖွဲ့ဝင်စုစုပေါင်း၁၇၆ ယောက်တို့တက်ရောက်ကြပြီး အပြီးအပိုင်လက်နက်စွန့်လွှတ် အပ်နှံသွားကြတယ် အဘိုးရဲ့။

(ဘိုး) အဲဒီအခမ်းအနားမှာ ပြောကြဆိုကြတာတွေ အများကြီးပဲကွ၊ ဒို့အနေနဲ့ ဦးကန်နရဲ့ ငြိမ်းချမ်းရေးနဲ့ လက်နက်အပြီးအပိုင် လဲလှယ်ရတဲ့အကြောင်း ပြောကြားချက်ထဲက နားထဲစွဲသွားတဲ့စကားတွေ အများကြီးပဲကွာ။

(ဋ္ဌု) ဒါက ဦးကန်နတို့ဘဝပေးအသိ၊ ရင်ထဲကခံစားမှု၊ ကိုယ်ပိုင်အမြင်နဲ့ပြောသွားတဲ့ စကားလုံးတွေပဲ၊ ဦးကန်နက သူတို့အနေနဲ့ နယ်ချဲ့သွေးခွဲမှုကြောင့် အစိုးရအဆက်ဆက်အပေါ်မယုံကြည်ခဲ့ဘူး၊ ဒါကြောင့် လက်နက်စွဲကိုင်မှုမစွန့်လွှတ်ဘဲ အစိုးရနဲ့ ပူးပေါင်းပြီး ပြည်သူ့အကျိုးကိုဆောင်ရွက်တယ်ဆိုတဲ့ မပြတ်သားတဲ့လုပ်ရပ်နဲ့ရပ်တည်ခဲ့တယ်တဲ့၊ ကျွန်တော်တို့ လက်နက်စွဲကိုင်ထားသရွေ့ ပြည်သူလူထုရဲ့အားပေးထောက်ခံမှု မရဘူးဆိုတာသိလာလို့ အခုလိုလက်နက်အပြီးအပိုင် စွန့်လွှတ်တာပါလို့ပြောသွားသေးတယ်။

(ဘိုး) ကျန် SSNA ခေါင်းဆောင်တွေ ပြောကြားချက်တွေကို ကြည့်ရင်လဲ ပြည်သူ့အကျိုးကိုရှေးရှုပြီးရင်ထဲနှလုံးသားထဲက ခံစားချက်နဲ့ ပြောကြတာတွေဖြစ်တာကို တွေ့ရတယ်။

(ဋ္ဌု) ဒီသတင်းဟာလည်း အခုနှစ် သင်္ကြန်ကာလမှာကြားရတဲ့ နှစ်သစ်ကြိုမင်္ဂလာ သတင်းပဲပေါ့နော် အဘိုး။ ဒါကိုပြည်ပအသံလွှင့်ဌာနတစ်ခုက တိုင်းတစ်ပါးမှာ ခိုလှုံပြီးကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအပေါ် သစ္စာဖောက်နေသူတွေနဲ့ ဖုန်းဆက်ပြီး ဗျူးလိုက်သေးတယ်။ ဒီမင်္ဂလာသတင်းကို တန်ဖိုးယုတ်လျော့အောင်လုပ်တာပေါ့လေ။ အဲဒီလို အဖျက်ပါးစပ်တွေက အဆိုးမြင်လေ ကျွန်တော်တို့အဖို့ မင်္ဂလာတိုးလေပဲပေါ့ အဘိုးရယ်။ သူတို့ပါးစပ်က အနုတ်လက္ခဏာ တစ်ခုထွက်တိုင်း ကျွန်တော်တို့မှာ အပေါင်းလက္ခဏာ တစ်ခုတိုးလာတာပဲ။အနုတ်လက္ခဏာ ကုဋေကုဋာ သူတို့ဖန်တီးလေ ကျွန်တော်တို့မှာ အပေါင်းလက္ခဏာ ကုဋေကုဋာ တိုးလေပေါ့။

(ဘိုး) ဟုတ်ပါ့မလား မောင်ကာဋ္ဌုရဲ့။

(ဋ္ဌု) ဒေါ့ထက်တောင်ပိုသေး။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉–၄–၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ **အဝေးသင်တက္ကသိုလ် ပညာရေးပို့ချမှု အစီအစဉ် –Population Statistics (I) (ဒုတိယနှစ်–စီးပွားရေး)**
၅:၃၀	၉။ ပညာခေတ်
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ကျောက်မဖြစ်တဲ့နှလုံးသားရုပ်ကြွင်း (အပိုင်း–၈)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ ကျန်းမာသုတအစီအစဉ်
	၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သူသူရဲကောင်း" (အပိုင်း–၃)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

ဒေသဖွံ့ဖြိုးတိုးတက်မှုသည် ဝန်ထမ်းများနှင့် ပြည်သူများ၏ ကြိုးပမ်းမှုပေါ်တွင် အဓိကတည်မှီ ရခိုင်ပြည်နယ်တွင် ရေ၊ မြေ၊ သယံဇာတနှင့် လူဦးရေအချိုး သင့်တင့်မျှတစွာရှိနေ ဦးဆောင်ဦးရွက်ပြုသူများက ထက်ထက်မြက်မြက် စည်းရုံးဆောင်ရွက်ပါက အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာမည်

ရန်ကုန် ဧပြီ ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီ ၁၅ ရက် နံနက် ၈ နာရီခွဲတွင် ရခိုင်ပြည်နယ် စစ်တွေတပ်နယ်ရှိ ဗန္ဓုလခန်းမသို့ သွားရောက်၍ စစ်တွေတပ်နယ်ရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများအား တွေ့ဆုံ၍ လမ်းညွှန်မှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဧပြီ ၁၄ ရက်တွင် ရန်ကုန်မြို့မှ ရောက်ရှိလာသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သန်းထွန်းအောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗန္ဓုလခန်းမသို့ ရောက်ရှိမလာမီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း

က ပဏာမ အမှာစကားပြောကြားရာ၌ မိမိတို့ တပ်မတော်အနေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ဖြစ်ထွန်းလာရေး ရည်မှန်းချက်ထားရှိပြီး ဆောင်ရွက်လျက်ရှိကြောင်း။

တစ်ချိန်တည်းမှာပင် မိမိတို့ တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းဆောင်ရည်ထက်မြက်သည့် ခေတ်မီတပ်မတော်ဖြစ်လာအောင် တည်ဆောက်လျက်ရှိကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အင်အားတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေးတို့သည် တစ်ခုနှင့်တစ်ခု ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဆက်စပ်အထောက်အကူပြုနေကြောင်း။ သို့ဖြစ်၍ နိုင်ငံတော်ကို ကာကွယ်နိုင်သည့် အင်အားတောင့်တင်းပြီး စွမ်းဆောင်ရည်ထက်မြက်သည့် ခေတ်မီတပ်မတော်ကို တည်ဆောက်နိုင်မှသာ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်မည်ဟု ခံယူကြိုးစားသွားကြရန် မှာကြားပြီး အမျိုးသားရေးယုံကြည်ချက်၊ ခံယူချက်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးဖြစ်သော မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် တပ်တည်ဆောက်ရေးနှင့် နိုင်ငံတော် တည်ဆောက်ရေးတို့တွင် အင်တိုက်အားတိုက် ပါဝင်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗန္ဓုလခန်းမသို့ ရောက်ရှိလာသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမှာစကား ပြောကြားရာ၌ မိမိတို့ တပ်မတော်အနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ခိုင်မြဲရေး အတွက် တာဝန်ယူဦးဆောင် ဆောင်ရွက်နေသည်ဖြစ်ရာ နိုင်ငံတော်အတွက် တာဝန်အရှိဆုံး အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာ၌ နယ်မြေဒေသ အားလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရေး ဦးတည်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅) ရပ် စီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး (၂၄)ခုစီမံကိန်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတို့ကို ပေါင်းစည်းပြီး လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး နယ်ပယ်ကဏ္ဍစုံ၌ တိုးတက်ဖွံ့ဖြိုးအောင် စီမံဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ပေးနိုင်သည့် အဓိက အင်အား သုံးရပ်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် ယင်းအင်အားသုံး ရပ် တညီတညွတ်တည်း စုစည်းအားထုတ်ပါမှ မည်သည့်အခက်အခဲကိုမဆို ကျော်လွှားလွန်မြောက်နိုင်ပြီး နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ဗဟိုအဆင့်၌ မိမိတို့က တာဝန်ယူစီမံဆောင်ရွက်နေသကဲ့သို့ ဒေသအဆင့်တွင်လည်း တိုင်းမှူးများက မိမိတို့ကိုယ်စား တာဝန်ယူစီမံဆောင်ရွက်လျက်ရှိကြောင်း။

သို့ဖြစ်၍ တိုင်းမှူး၏ ဦးဆောင်မှုအောက်တွင် နိုင်ငံတော် ကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးစိတ်တူသဘောတူ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး တပ်မတော်၏ ပင်မတာဝန်များနှင့်အညီ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို စောင့်ထိန်းကာကွယ်ရင်း ပြည်သူလူထု၏အကျိုး ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် တပ်မတော်သားတစ်ဦး၏ တာဝန်ကိုကျေပွန်ရသလို နိုင်ငံသားကောင်းတစ်ယောက်၏ တာဝန်ကိုလည်း ကျေပွန်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တက်ရောက်လာကြသော အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်တွေ တပ်နယ် အစည်းအဝေးခန်းမသို့ သွားရောက်ပြီး ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ခံများနှင့် တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တွေတပ်နယ် အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ခံများနှင့်တွေ့ဆုံ၍ လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲ များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်က ရခိုင်ပြည်နယ်၏ တည်နေရာနှင့်အကျယ်အဝန်း၊ မြေအသုံးချမှု၊ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် အဓိကသီးနှံစိုက်ပျိုးမှုအခြေအနေ၊ မိုးစပါးသီးနှံစိုက်ပျိုးမှုအတွက် မြေဧရိယာ တိုးချဲ့မှု အခြေအနေ၊ မိုးစပါးသီးနှံနှင့် ငရုတ်ကောင်း တိုးချဲ့စိုက်ပျိုးနိုင်မှု အခြေအနေ၊ ရော်ဘာတိုးချဲ့စိုက်ပျိုးမည့် လျာထားချက်၊ ပုစွန်တိုးချဲ့မွေးမြူမှု အခြေအနေ၊ ရေထွက်ပစ္စည်း ပြည်ပသို့တင်ပို့နိုင်မှု အခြေအနေ၊ သစ်တော အမျိုးအစား၊ လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် လူမှုရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ သုံးသပ်ဆွေးနွေး တင်ပြရာတွင် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး၏ ရှင်းလင်းတင်ပြချက်များအရ ရခိုင်ပြည်နယ်အနေဖြင့် ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အခြားသော ပြည်နယ်၊ တိုင်းများနည်းတူ ကြိုးကြိုးစားစား အကောင်အထည်ဖော်ဆောင်ရွက်လျက် အောင်မြင်မှုရရှိနေသည်ကို တွေ့ရကြောင်း၊ ယင်းဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ကြိုးပမ်းဖော်ဆောင်သွားရန် နိုင်ငံ့အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ထားပြီးဖြစ်ကြောင်း။

ရခိုင်ပြည်နယ်၏ ဒေသဝမ်းစာဖူလုံမှုသည် ရာခိုင်နှုန်း ၁၄၀ ကျော်သည်ဟု သိရကြောင်း၊ နိုင်ငံတော်အကြီးအကဲကလည်း ရခိုင်ပြည်နယ်အနေဖြင့် ဆန်စပါး တိုးတက်ထုတ်လုပ်ရန် မှာကြားထားကြောင်း။

ရခိုင်ပြည်နယ်၏ သီးနှံစိုက်စွမ်းအားမှာ ရာခိုင်နှုန်း ၁၄၀ ရှိပြီး တစ်နိုင်ငံလုံး၏ သီးနှံစိုက် စွမ်းအားမှာ ၁၅၄ ရာခိုင်နှုန်းဖြစ်သဖြင့် ရခိုင်ပြည်နယ်အနေဖြင့် ဆက်လက်မြှင့်တင်ဆောင်ရွက်ရန်လိုကြောင်း။

တစ်နိုင်ငံလုံး၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို နှိုင်းယှဉ်သုံးသပ်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် နှစ်တို၊ နှစ်ရှည်စီးပွားရေးစီမံကိန်းများ ချမှတ်ပြီး စနစ်တကျ ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် နှစ်စဉ်မှန်မှန် တိုးတက်ခဲ့ရာ တတိယ ငါးနှစ်စီမံကိန်းကာလတွင် ၂၀၀၁-၂၀၀၂ ခုနှစ်စ၍ နှစ်စဉ် ၁၁ ဒသမ ၃ ရာခိုင်နှုန်း၊ ၁၂ ဒသမ သုညရာခိုင်နှုန်း၊ ၁၃ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၁၂ ဒသမ ၆ ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ပြီး ၂၀၀၄-၂၀၀၅ ခုနှစ်ရှိ တစ်ဦးချင်းဝင်ငွေမှာ ၁၆၅၇၂၉ ကျပ်အထိ တိုးတက်ခဲ့သည်ကို တွေ့ရကြောင်း။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✧

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ပေးနိုင်သည့် အဓိကအင်အား သုံးရပ်ရှိ၊ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ပင်ဖြစ်၊ နိုင်ငံတည်ဆောက်ရေးတွင် ယင်းအင်အားသုံးရပ် တညီတညွတ်တည်း စုစည်းအားထုတ်ပါမှ မည်သည့်အခက်အခဲကိုမဆို ကျော်လွှားလွန်မြောက်နိုင်ပြီး နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်မည်။

ကျောက်ဖြူ-မအီလမ်းပေါ်၌ တည်ဆောက်သည့် တံတားကိုးစင်းအနက် ခြောက်စင်းပြီးစီးပြီဖြစ် ကျန်တံတားသုံးစင်းအနက် သံသမချေတံတားနှင့် သဇင်တန်ပေါက်တံတားတို့မှာ မကြာမီပြီးစီးတော့မည်

☆ ရှေ့ဖုံးမှ

အဆိုပါ ရှင်းလင်းတင်ပြရာသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ပြသရှင်းလင်း

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ရမ်းဗြဲမြို့နယ်အတွင်း၌ တည်ဆောက်လျက်ရှိသည့် သံသမချေတံတား၊ သဇင်တန်ပေါက်တံတားနှင့် ကျောက်ဖြူမြို့နယ်အတွင်း၌ တည်ဆောက်လျက်ရှိသော ဝန်ဖိုက်တံတားတို့နှင့် စပ်လျဉ်း၍ တည်ဆောက်ရေးလုပ်ငန်းများကို ဗီဒီယိုဖြင့် ပြသရှင်းလင်းသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက သံသမချေတံတား၊ သဇင်တန်ပေါက်တံတားနှင့် ဝန်ဖိုက်တံတားတို့နှင့် စပ်လျဉ်း၍ စီမံကိန်းတည်နေရာ၊ တံတားအူကြောင်းပြပုံ၊ တံတားဆိုင်ရာ အချက်အလက်များ၊ တံတားလုပ်ငန်း ပြီးစီးမှုအခြေအနေနှင့် မှတ်တမ်းဓာတ်ပုံတို့ကို ပါဝါပွိုင့်ဖြင့် ပြသရှင်းလင်းသည်။

ခြောက်စင်းပြီးစီး

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တောင်ကုတ်-မအီ-ကျောက်ဖြူလမ်းပေါ်ရှိ တံတားများ တည်ဆောက်ပြီးစီးနေမှုအခြေအနေများနှင့် ကျောက်ဖြူ-မအီလမ်းပေါ်၌ တည်ဆောက်သည့် တံတားကိုးစင်းအနက် ခြောက်စင်းပြီးစီးပြီဖြစ်ပြီး သံသမချေတံတားနှင့် သဇင်တန်ပေါက်တံတားတို့မှာ မကြာမီပြီးစီးမည်ဖြစ်သဖြင့် ဝန်ဖိုက်တံတားတစ်စင်းသာ ကျန်ရှိတော့သည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ရန်ကုန်-ကျောက်ဖြူလမ်းပေါ်ရှိ ကျောက်ဖြူ-မအီလမ်းအပိုင်း၊ မအီ-တောင်ကုတ်လမ်းအပိုင်းနှင့် အမ်း-ပဒဲကြော-မအီလမ်း ပြုပြင်ဖောက်လုပ်နေမှုနှင့် လမ်းအဆင့် တိုးမြှင့်ဆောင်ရွက်နေမှုအခြေအနေတို့ကို ဆက်လက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်တို့က ရခိုင်ပြည်နယ်အတွင်း တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ လမ်း၊ တံတားများ အခြေအနေကို ဖြည့်စွက်တင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဧပြီ ၁၇ရက်တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ အမ်းမြို့သို့ သွားရောက်၍ အမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထူးကဲဒီရေ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တံတားများတည်ဆောက်နေသည့်ဒေသမှာ ဒီရေအတက်အကျရှိသည့် ဒေသဖြစ်သဖြင့် ဒီရေအတက်အကျကို တိုင်းတာမှတ်သားပြီး လိုအပ်သည့်အစီအမံများ ဆောင်ရွက်ရန်၊ ထူးကဲဒီရေကို ကာကွယ်ပေးမည့် ရေကျော်တားအစီအမံများ လှိုင်းရိုက်ခတ်ရာနေရာများတွင် ကျောက်စီအရံအတားများ ထည့်သွင်းတည်ဆောက်ရန် မှာကြားပြီး ရခိုင်ပြည်နယ်၏ အခြားပြည်နယ်၊ တိုင်းများသို့ ဆက်စပ်ရာ တံခါးပေါက်သုံးပေါက်ဖြစ်သည့် အမ်း-မင်းဘူးလမ်း၊ တောင်ကုတ်-ပြည်လမ်းနှင့် ဂွ-ငါးသိုင်းချောင်းလမ်းတို့ကို တစ်ခုနှင့်တစ်ခု ဆက်စပ်မိပြီး ဆက်သွယ်သွားလာရေး အဆက်မပြတ်စေရန်နှင့် ယင်းတံခါးပေါက်သုံးပေါက်မှ အခြားပြည်နယ်၊ တိုင်းများသို့ ရာသီမရွေး သွားလာနိုင်စေရန်အတွက် လမ်းမကြီးများကို အမြဲမပြတ် စစ်ဆေးပြုပြင်မှု၊ အဆင့်မြှင့်တင်မှုများ ပြုလုပ်သွားရန်လိုကြောင်း။

တည်ဆောက်ပြီးတံတားများ ပြုပြင်ထိန်းသိမ်းပြီး တည်ဆောက်ဆဲ တံတားများနှင့် ဆက်လက်တည်ဆောက်မည့်တံတားများ ဆောက်လုပ်ပြီးစီးရေးအတွက်လည်း စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လိုကြောင်း။

လူနေမှုဘဝ

လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှသာ ရခိုင်ပြည်နယ်နှင့် အခြားသော ပြည်နယ်၊ တိုင်းဒေသများ တစ်ဆက်တစ်စပ်တည်းဖြစ်ပြီး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရခိုင်ပြည်နယ် သံတွဲမြို့ အဏ္ဏဝါရိပ်သာခန်းမ၌ ရခိုင်ပြည်နယ်အတွင်း လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်၏ စီးပွားရေးကုန်သွယ်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပြီး ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ လူနေမှုဘဝ ပိုမိုတိုးတက် မြင့်မားလာမှာဖြစ်ကြောင်း။

တိုးချဲ့လုပ်ကိုင်

ဒေသခံပြည်သူများ၏ စားဝတ်နေရေးနှင့် ဒေသဝမ်းစာ ဖူလုံစေရေးအတွက် ဆန်စပါးကို အဓိက အလေးထား စိုက်ပျိုးကြရမှာဖြစ်ကြောင်း၊ သို့ရာတွင် ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ပင်မစီးပွားရေးလုပ်ငန်းတစ်ခုကိုသာ အားကိုးမနေဘဲ ရော်ဘာစိုက်ပျိုးရေး၊ ငရုတ်ကောင်းစိုက်ပျိုးရေး၊ သီပွံနည်းကျ ပုစွန်မွေးမြူရေးလုပ်ငန်းများကိုလည်း အဓိကစီးပွားရေးလုပ်ငန်းများအဖြစ် တိုးချဲ့လုပ်ကိုင်ကြရန် အားပေးဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ဒေသတစ်ခုတွင် ပင်မစီးပွားရေးလုပ်ငန်းတစ်ခုတည်းအပေါ် ရပ်တည်မည့်အစား ပင်မစီးပွားရေး နှစ်ခု၊ သုံးခုရှိပါမှ ဒေသရော ဒေသခံပြည်သူများပါ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးစည်ပင်လာမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အချို့ကိစ္စများ၌ ကန့်သတ်မှုရှိတတ်၍ ပုဂ္ဂလိကများကို လုပ်ကိုင်ခွင့်တိုးမြှင့်ပေးလျက်ရှိကြောင်း၊ ထို့အတူ ပုဂ္ဂလိကကဏ္ဍကို အားပေးလျက်ရှိကြောင်း။

ဒေသတစ်ခုလုံးကို စီးပွားရေးဖွံ့ဖြိုးသည့်ဒေသကြီး ဖြစ်လာစေရေးတွင် ပုဂ္ဂလိကကဏ္ဍ၏ အားကြိုးမာန်တက် ပူးပေါင်းပါဝင်ဆောင်ရွက်မှု လိုအပ်ကြောင်း။

ပြည့်စုံလုံလောက်

မိမိတို့အနေဖြင့် နိုင်ငံနှင့်အဝန်းတွင် ဆည်မြောင်းတာတမံများ၊ လမ်းမကြီးနှင့် တံတားကြီးများ၊ ရေအားလျှပ်စစ်စီမံကိန်းများ စသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံများကို အလုံးအရင်းဖြင့် တည်ဆောက်ပေးခဲ့ရာ ယခုအခါတွင် ပြည့်စုံလုံလောက်သည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း။

မကြာမီသောကာလတွင် ယင်းအခြေခံအဆောက်အအုံများအားလုံး ရည်မှန်းချက်နှင့်အညီ အကောင်အထည်ပေါ်ပြီးမြောက်ပြီး နိုင်ငံတော်လည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်တော့မည့်အချိန်သို့ ရောက်တော့မှာဖြစ်ကြောင်း ပြောကြားသည်။

သံသမချေတံတား

ရခိုင်ပြည်နယ် ကျောက်ဖြူ-မအီလမ်းမကြီးပေါ်၌ တည်ဆောက်နေသည့် သံသမချေတံတား တည်ဆောက်ရေးစီမံကိန်းသည် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်၌ တည်ရှိ၍ တံတားအရှည်မှာ ၇၀၇ပေ သုံးလက်မရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ၂၄ပေရှိ၍ လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် သုံးပေစီရှိသည်။

တံတားအမျိုးအစားမှာ အပေါ်ထည် သံပေါင်သံကူကွန်ကရစ်ဖြစ်၍ အောက်ထည်မှာ သံကူကွန်ကရစ်ဖြစ်သည်။ ယာဉ်တစ်စီးချင်းခွင့်ပြုတန်ချိန်မှာ တန် ၆၀ ဖြစ်သည်။

ကျောက်ဖြူ-မအီလမ်းမကြီးပေါ်ရှိ တည်ဆောက်ဆဲ တံတားကြီးသုံးစင်း

သံသမချေတံတား

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်၌တည်ရှိ၍ တံတားအရှည်မှာ ၇၀၇ပေ သုံးလက်မရှိ။

တံတားအမျိုးအစားမှာ အပေါ်ထည် သံပေါင်သံကူကွန်ကရစ်ဖြစ်၍ အောက်ထည်မှာ သံကူကွန်ကရစ်ဖြစ်။ ယာဉ်တစ်စီးချင်းခွင့်ပြုတန်ချိန်မှာ တန် ၆၀ ဖြစ်။

သဇင်တန်ပေါက်တံတား

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၌တည်ရှိ၍ တံတားအရှည်မှာ ၅၉၂ပေ လေးလက်မရှိ။

တံတားအမျိုးအစားမှာ အပေါ်ထည်သံဇကာသံပေါင်ဖြစ်၍ အောက်ထည်မှာ သံကူကွန်ကရစ်ဘိုးတိုင်အုတ်မြစ်ဖြစ်။ ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန်မှာ တန် ၆၀ ဖြစ်။

ဝန်ဖိုက်တံတား

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၌တည်ရှိ၍ တံတားအရှည်မှာ ၇၀၇ပေ လေးလက်မရှိ။

တံတားအမျိုးအစားမှာ အပေါ်ထည်သံဇကာသံပေါင်သံကူကွန်ကရစ်ဖြစ်၍ အောက်ထည်မှာ သံကူကွန်ကရစ်ဘိုးပိုင်အုတ်မြစ်ဖြစ်။ ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန်မှာ တန် ၆၀ ဖြစ်။

အဆိုပါတံတားသည် မအီ-ကျောက်ဖြူလမ်းပိုင်းတွင် တံတားကိုးစင်း အနက်မှ ခုနစ်စင်းမြောက်တံတားဖြစ်သည်။

သဇင်တန်ပေါက်တံတား

သဇင်တန်ပေါက်တံတား တည်ဆောက်ရေးစီမံကိန်းသည် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၌ တည်ရှိ၍ တံတားအရှည်မှာ ၅၈၂ပေ လေးလက်မရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ၂၄ပေရှိ၍ လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် သုံးပေစီရှိသည်။

တံတားအမျိုးအစားမှာ အပေါ်ထည်သံမဏိသံပေါင်ဖြစ်၍ အောက်ထည်မှာ သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်ဖြစ်သည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန်မှာ တန် ၆၀ဖြစ်သည်။

အဆိုပါ တံတားသည် မအီ-ကျောက်ဖြူလမ်းပိုင်းတွင် တံတားကိုးစင်း အနက်မှ ရှစ်စင်းမြောက်တံတားဖြစ်သည်။

ဝန်ဖိုက်တံတား

ဝန်ဖိုက်တံတား တည်ဆောက်ရေးစီမံကိန်းသည် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၌ တည်ရှိ၍ တံတားအရှည်မှာ ၇၀၇ပေ လေးလက်မရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ၂၄ပေရှိ၍ လူသွားလမ်းအကျယ်မှာ တစ်ဖက် သုံးပေစီရှိသည်။

တံတားအမျိုးအစားမှာ အပေါ်ထည် သံမဏိသံပေါင်သံကူကွန်ကရစ် ဖြစ်၍ အောက်ထည်မှာ သံကူကွန်ကရစ်ဘိုးပိုင်အုတ်မြစ်ဖြစ်သည်။ ယာဉ် တစ်စီးချင်း ခွင့်ပြုတန်ချိန်မှာ တန် ၆၀ ဖြစ်သည်။

အဆိုပါ တံတားသည် မအီ-ကျောက်ဖြူလမ်းပိုင်းတွင် တံတားကိုးစင်း အနက်မှ ကိုးစင်းမြောက်တံတားဖြစ်သည်။

ငပလီဟိုတယ်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင် လိုက်ပါလျက် ရခိုင်ပြည်နယ် သံတွဲမြို့ ငပလီ ကမ်းခြေတစ်လျှောက် ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကဟိုတယ်လုပ်ငန်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ငပလီကမ်းခြေဟိုတယ်ကို ဝင်ရောက်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ထူးထရေးဒင်း ကုမ္ပဏီလီမိတက်က တည်ဆောက်နေသော Treasure ငပလီကမ်းခြေ ဟိုတယ်တည်ဆောက်ရေးစီမံကိန်းကိုလည်း ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် သံတွဲ လေဆိပ်သို့ရောက်ရှိကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့် တပ်မတော် အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက ပို့ဆောင်နှုတ်ဆက် ကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် သံတွဲ လေဆိပ်မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

တိပိဋကဓရ ဓမ္မပူဇာသဘင်နှင့် အထူးတရားပွဲများ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် သီရိမင်္ဂလာလမ်း အောင်ချမ်းသာရပ်ကွက် ကံမြင့်ကျောင်းတိုက် ဓမ္မာရုံ၌ ဧပြီ ၂၀ရက် နံနက် ၅နာရီခွဲတွင် တိပိဋကဓရ ဓမ္မပူဇာသဘင်နှင့် ပူဇော်ပွဲကျင်းပပြီး အထူးတရားပွဲများအဖြစ် ဧပြီ ၁၈နှင့် ၂၂ရက်တို့တွင် ရွှေရတုတိပိဋက ဆရာတော်များက လည်းကောင်း၊ ဧပြီ ၁၉၊ ၂၀နှင့် ၂၁ရက်တို့တွင် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များက လည်းကောင်း၊ ဧပြီ ၂၃ရက်တွင် ရေစကြိုဆရာတော်ကလည်းကောင်း၊ ဧပြီ ၂၄နှင့် ၂၅ရက်တို့တွင် တိပိဋကဓရဆရာတော်များက လည်းကောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ ကြွရောက်ကြည်ညို ကုသိုလ်ယူနိုင် သည်။ (သတင်းစဉ်)

မြန်မာပြန်ကြားရေးကိုယ်စားလှယ်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၁၈

အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ကိုရီးယား သမ္မတနိုင်ငံသို့ သွားရောက်ခဲ့ကြသော ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး (စီမံခန့်ခွဲရေး) ဦးစိုးမိုး ခေါင်းဆောင်သည့် မြန်မာ ပြန်ကြားရေးကိုယ်စားလှယ် အဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြသည်။

မြန်မာ ပြန်ကြားရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ ညွှန်ကြားရေးမှူး (ပြန်/ဆက်) ဦးထွန်းမင်း၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်) ဦးကျော်ဇင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ ပြန်ကြားရေးကိုယ်စားလှယ် အဖွဲ့ဝင် များ၏ မိသားစုများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြသည်။

မြန်မာ ပြန်ကြားရေးကိုယ်စားလှယ် အဖွဲ့တွင် လိုက်ပါသွားကြသည့် အဖွဲ့ ဝင် မြန်မာနိုင်ငံ နိုင်ငံခြားသတင်း ထောက်များအသင်းမှ အေအက်ဖ်ပီ သတင်းဌာန နိုင်ငံခြားသတင်းထောက် ဦးခင်မောင်သွင်နှင့် အဖွဲ့အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့သတင်း စဉ်(နိုင်ငံခြား)မှ စာပေလက်ထောက် (၂) ဒေါ်ရီရီမြင့်တို့လည်း ပြန်လည် လိုက်ပါလာကြသည်။ (သတင်းစဉ်)

တပ်မတော်သားများအနေဖြင့် ပြည်သူများအပေါ် မိဘသဖွယ် သဘောထား စောင့်ရှောက်ကြရမည်ဟု နှစ်နှစ်ကာကာခံယူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း အမ်းတပ်နယ် အမ်းရိုးမခန်းမ၌ အမ်းတပ်နယ်ရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများ၊ အမ်းမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

※ စာမျက်နှာ ၅ မှ

အထူးသဖြင့် ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေး ထူးထူးခြားခြား တိုးတက်ကောင်းမွန်လာအောင် မိမိတို့ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဆက်လက် ဆောင်ရွက်ပေးနေဆဲလည်း ဖြစ် ကြောင်း။

တံတားများတည်ဆောက်

အမ်းဒေသတွင် အမ်း-မအီ-တောင်ကုတ်လမ်း ပြီးစီးခဲ့ပြီဖြစ်ပြီး ရန်ကုန်-အမ်း-ကျောက်ဖြူလမ်းမကြီး တစ်လျှောက် တံတားများ တည် ဆောက်ပေးလျက်ရှိနေကြောင်း။

လမ်းမကြီးများ ပေါ်ပေါက်လာခြင်း သည် လမ်းပန်းဆက်သွယ်ရေးအတွက် သာမက လမ်းတစ်လျှောက်ရှိ ကျေးရွာ များ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွား ရေး၊ လူမှုရေးအခြေအနေများကိုပါ တိုးမြင့်စည်ပင်လာစေမှာဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို နိုင်ငံတော် ၏ မူဝါဒအဖြစ်ထားရှိပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက် နေခြင်းမှာ နိုင်ငံတော်နှင့် ပြည်သူများ အတွက်ပင်ဖြစ်ကြောင်း။

ယင်းအမျိုးသားရေး မျှော်မှန်းချက် များနှင့်အညီ ကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်နေခြင်းမှာ နိုင်ငံတော် အစိုးရပြည်သူနှင့် တပ်မတော်ဆိုသည့် အားသုံးအား ညီညွတ်စွာဖြင့် ကြိုးစား လုပ်ဆောင်ခဲ့ကြ၍ပင်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများ အနေဖြင့်လည်း မိမိတာဝန်ထမ်းဆောင်ရာ ဒေသကို မိမိ၏ဇာတိ ရပ်ရွာကဲ့သို့ သဘောထား ပြီး နိုင်ငံတော်အစိုးရကိုယ်စား ပြည်သူ အကျိုး ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ သို့မှသာဝန်ထမ်းကောင်း ဟု ဆိုရမှာဖြစ်ကြောင်း။

တပ်မတော်သားများ အနေဖြင့် လည်း နိုင်ငံတော်နှင့် ပြည်သူများ အကျိုးအတွက် အသက်ကိုစွန့်လှူ သည်အထိ ကာကွယ်စောင့်ရှောက်ရန် သစ္စာအဓိဋ္ဌာန်ပြုထားသူများပီပီ ပြည်သူ များအပေါ် မိဘသဖွယ် သဘောထား စောင့်ရှောက်ကြရမည်ဟု နှစ်နှစ်ကာကာ ခံယူထားကြရန် မှာကြားလိုကြောင်း၊ ပြည်သူများနှင့် တပ်မတော်သားများ မိဘနှင့်သားသမီးသဖွယ် သဘောထား ပြီး အပြန်အလှန် ကူညီစောင့်ရှောက် ခြင်းအားဖြင့် တပ်မတော်နှင့် ပြည်သူ တစ်သားတည်းဖြစ်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်စိတ် တစ်ဝမ်းတည်း ဝိုင်းဝန်းဆောင်ရွက် နိုင်ကြမည်ဖြစ်ကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် တက်ရောက်လာကြ သူများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်သည်။

သံသမချေတံတား

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီး သူရ ရွှေမန်းနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-ကျောက်ဖြူလမ်း၏ မအီ-ကျောက်ဖြူ လမ်းအပိုင်းမှ ရမ်းဗြဲမြို့နယ်ရှိ သံသမချေတံတား တည်ဆောက်ရေး စီမံကိန်းသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိ ကြသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင် များအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်း နှင့် အဖွဲ့ဝင်များသည် သံသမချေ တံတား တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ တည်ဆောက်ဆဲ သံသမချေ တံတားကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရ ရွှေမန်းနှင့် အဖွဲ့ဝင်များအား ရှင်းလင်း ဆောင်၌ ဆောက်လုပ်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက မအီ-ကျောက်ဖြူလမ်းပိုင်း၊ ရမ်းဗြဲ မြို့နယ်ရှိ တည်ဆောက်ဆဲ သံသမချေ တံတား၊ ရမ်းဗြဲမြို့နယ်ရှိ တည်ဆောက် ဆဲ သဇင်တန်ပေါက် တံတားနှင့် ကျောက်ဖြူမြို့နယ်ရှိ တည်ဆောက်ဆဲ ဝန်ဖိုက်တံတားတို့နှင့် စပ်လျဉ်း၍ စီမံကိန်းချမှတ်ခဲ့မှု၊ တံတားအကြောင်း ရှာဖွေမှုနှင့် တံတားတည်ဆောက်မှု ဆိုင်ရာ အချက်အလက်များကို ပါဝါ ပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ် မင်းအောင်လှိုင် တို့က မအီ-ကျောက်ဖြူလမ်းနှင့် သံသမချေ တံတား၊ သဇင်တန်ပေါက် တံတားနှင့် ဝန်ဖိုက်တံတားတို့နှင့် စပ်လျဉ်း၍ ဖြည့်စွက်တင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးပြီးနောက် မိမိတို့အနေဖြင့် အခြေ အနေ အချိန်အခါနှင့် ဒေသ၏ ဖွံ့ဖြိုး တိုးတက်မှုအလားအလာများ၊ လိုအပ် ချက်များအလိုက် ဒေသ၏ ရေမြေ သဘာဝ ပထဝီအနေအထားကို ကြည့်ပြီး တံတားကြီးငယ်အမျိုးအစား အမျိုးမျိုးကို တစ်နိုင်ငံလုံး ဖြန့်ကျက် တည်ဆောက်ခဲ့ရာ အတွေ့အကြုံ များစွာ ရရှိခဲ့ပြီဖြစ်သည်နှင့်အညီ ယခု တည်ဆောက်နေသည့် တံတားများကို လည်း ရေမြေသဘာဝနှင့် လိုက်လျော ညီထွေစွာ အရှည်ခိုင်ခံ့အောင် ကြိုးစား တည်ဆောက်ကြရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်း နှင့် အဖွဲ့ဝင်များသည် သံသမချေ တံတားနှင့် သဇင်တန်ပေါက်တံတား ကြားရှိ မအီ-ကျောက်ဖြူလမ်းပိုင်းကို လည်းကောင်း၊ တည်ဆောက်ဆဲ သဇင်တန် ပေါက်တံတားကို လည်း ကောင်း မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရ ရွှေမန်းနှင့် အဖွဲ့ဝင်များသည် တည် ဆောက်ဆဲ ဝန်ဖိုက်တံတား စီမံကိန်း သို့ ရောက်ရှိကြပြီး တံတားကိုကြည့်ရှု စစ်ဆေးကာ ဗိုလ်ချုပ်ကြီးသူရရွှေမန်း က လိုအပ်သည်များကိုမှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်း နှင့် အဖွဲ့ဝင်များသည် ဝန်ဖိုက်တံတား တည်ဆောက်ရေးစီမံကိန်းမှ ရဟတ် ယာဉ်ဖြင့် ထွက်ခွာလာရာ မွန်းလွဲ ၂နာရီခွဲတွင် သံတွဲမြို့သို့ ရောက်ရှိ သည်။

ဆီအုန်းခြံ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ခရီးစဉ် တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဧပြီ ၁၇ရက် နံနက် ၇နာရီ ၁၅မိနစ်တွင် မြန်မာ့ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းက တာဝန်ယူဆောင်ရွက်နေသည့် သံတွဲ မြို့နယ်ရှိ ညောပင်ကွင်း ဆီအုန်းခြံသို့ ရောက်ရှိပြီး ဆီအုန်းခြံ ၄၄ဧက၌ ဆီအုန်းပင် ၂၁၉၁ပင် စိုက်ပျိုးထားရှိမှု အခြေအနေ၊ ဆီသီးခြွေစက်၊ ပေါင်းခံ စက်နှင့် ဆီညှစ်စက်များ၏ အခြေ အနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဝန်ကြီးအား ဆီအုန်းခြံ ရှင်းလင်းခန်းမ၌ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း အထွေထွေ မန်နေဂျာ ဦးတင်မောင်ဝင်းက ခြံ၏ လက်ရှိအခြေအနေ၊ ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံ များကို ပုံစံကားချပ်များဖြင့် ရှင်းလင်း တင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ကို မှာကြားသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူး ချုပ် လွန်းသီသည် ဧပြီ ၁၆ရက် မွန်းလွဲပိုင်းတွင် သံတွဲမြို့ရှိ သပြုချိုင် သိုလှောင်ဖြန့်ဖြူးရေး ဌာနခွဲနှင့် သံတွဲမြို့ စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၄၆၃)တို့သို့ သွားရောက်၍ စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ဆက်ဆံရေးကောင်းမွန်ရေး၊ ပတ်ဝန်း ကျင် စိမ်းလန်းစိုပြည်ရေးနှင့် တစ်ပိုင် တစ်နိုင် စိုက်ပျိုးမွေးမြူရေးတို့ကို မှာကြားသည်။

အလားတူ မွေးမြူရေးနှင့် ရေလုပ် ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် ဧပြီ ၁၆ရက် တွင် သံတွဲမြို့ရှိ သပြုချိုင်ဆိပ်ခံ တံတားရှိ ဝန်ကြီးဌာနပိုင် ရေခဲစက်ကို လည်းကောင်း၊ စည်သွတ်ဘူးစက်ရုံ၏ လုပ်ငန်းများ လည်ပတ်နေမှုကို လည်း ကောင်း၊ သံတွဲ မရိမ်းပရောဒတ် ကုမ္ပဏီ၏ အအေးခန်းစက်ရုံလည်ပတ် နေမှုနှင့် ကုန်ချောထုတ်လုပ်နေမှုတို့ကို လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (သံတွဲ)ကို လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန နှင့် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဗဟိုအလုပ် အမှုဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ တို့သည် ဧပြီ ၁၇ရက် နံနက် ၁၀နာရီ တွင် သံတွဲမြို့ရှိ သံတွဲခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးသို့ သွားရောက်၍ သံတွဲ ခရိုင်နှင့် သံတွဲမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ် အမှုဆောင်များနှင့် အသင်းဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေး ကြသည်။

ရှေးဦးစွာ သံတွဲခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမြင့်ဦးက ခရိုင် အသင်း၏ အင်အား၊ စည်းရုံးရေး အခြေအနေ၊ သင်တန်းများ ဖွင့်လှစ် နိုင်မှု အခြေအနေများကို တင်ပြပြီး ဗဟိုအလုပ်အမှုဆောင် ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေက နိုင်ငံတော်အကြီးအကဲက ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်စေရေး အတွက် စီမံဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အကောင် အထည်ဖော်ဆောင်ရွက်ရေး၊ အသင်း ၏ စည်းရုံးရေး အခြေအနေများကို မှာကြားသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ပြည်ထောင်စု စိတ်ဓာတ်ဖြင့် ဒို့တာဝန် အရေး(၃)ပါးကိုဦးထိပ်ထားဆောင်ရွက် ရေး၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက် ရေးကို ဝိုင်းဝန်းကူညီဆောင်ရွက်ရေး တို့ကို မှာကြားသည်။

အလားတူ ပို့ဆောင်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဧပြီ ၁၇ရက်တွင် သံတွဲမြို့၌ မြန်မာ့ လေကြောင်းမှ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားပြီး လေယာဉ်ကွင်း ပြေးလမ်း နှင့် လေဆိပ်အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီး ဌာန ဝန်ကြီး ဦးသောင်းသည် ဧပြီ ၁၆ရက်တွင် သံတွဲမြို့ အစိုးရစက်မှု လက်မှုသိပ္ပံသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး သံတွဲမြို့နယ် အလုပ် သမား ညွှန်ကြားမှုဦးစီးဌာနသို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံကာ လုပ်ငန်းပိုင်းဆိုင်ရာ များကို မှာကြားသည်။

ထို့နောက် ဝန်ကြီး ဦးသောင်းသည် သံတွဲမြို့ရှိ လူမှုဖူလုံရေးအဖွဲ့ ဆေးခန်း သို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများ အား မှာကြားသည်။

(သတင်းစဉ်)

✧ စာမျက်နှာ ၇မှ

ထို့ကြောင့် တတိယငါးနှစ်စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်တွင် အခြေခံနှစ်နှင့် နှိုင်းစာပါက နိုင်ငံတော်၏ စီးပွားရေးသည် ၁၃ ဒသမ ၄ ဆ တိုးတက်ခဲ့သည်ကို တွေ့ရကြောင်း။

ဤကိန်းဂဏန်းများသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို စာရင်းဇယားများ၊ ကိန်းဂဏန်းများအရ အခိုင်အမာတွေ့မြင်ရခြင်းဖြစ်ပြီး မျက်မြင်ဒိဋ္ဌအခြေအနေတွင်လည်း နိုင်ငံတော်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ (Infrastructures) များကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ကြောင်း။

ဆည်တမံ ၁၇၂ ခု

ဆည်မြောင်းတာတမံများအနေဖြင့် မိမိတို့ တပ်မတော်အစိုးရလက်ထက်တွင် ၁၇၂ ခု အထိ တိုးတက်တည်ဆောက်ပေးနိုင်ခဲ့ပြီး လယ်မြေဧက ၂၂၉၄၅၆၉ ကို အကျိုးပြုနေပြီဖြစ်ကြောင်း၊ ဆက်လက်တည်ဆောက်ဆဲ ဆည်ပေါင်း ၃၅ ခုရှိသေးကြောင်း။

မြစ်ရေတင်စီမံကိန်းအနေဖြင့် ၂၇၁ ခု တည်ဆောက်ပေးခဲ့ပြီးဖြစ်ပြီး ၃၄ ခု ဆက်လက်တည်ဆောက်ဆဲဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် မိမိတို့ တပ်မတော်အစိုးရလက်ထက်၌ ပေ ၁၈၀ အထက် တံတားကြီးပေါင်း ၁၉၆ စင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ပြီး တံတားကြီး ၄၁ စင်း ဆက်လက်တည်ဆောက်ဆဲဖြစ်ကြောင်း။

ရထားပို့ဆောင်ရေးကဏ္ဍတွင်လည်း ရထားလမ်းခရီးမိုင် ၁၀၆၆ မိုင် တိုးတက်ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း။

ပညာရေးကဏ္ဍတွင်လည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် ပညာရေးကို မြှင့်တင်ဆောင်ရွက်ပေးရန်ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ တိုးတက်တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။

ယနေ့အချိန်အခါတွင် တစ်နိုင်ငံလုံး၌ အခြေခံပညာကျောင်းပေါင်း ၄၀၅၂၁ ကျောင်း တည်ရှိနေပြီဖြစ်ပြီး တက္ကသိုလ်နှင့် ကောလိပ်များအနေဖြင့်လည်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ရခိုင်ပြည်နယ် စစ်တွေလေဆိပ်တွင် လူမှုရေးအသင်းအဖွဲ့များ၊ ရခိုင်ရိုးရာ စည်တော်အဖွဲ့နှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက နံ့သာရည်များဖြင့် အတာရေပက်ဖျန်း၍ ဂါရဝပြုကြိုဆိုကြစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်၏ တိုးတက်ရာတိုးတက်ကြောင်းအတွက် ဥစ္စာရင်လို ဥစ္စာရင်ခဲဆိုသလို ကြိုးစားဆောင်ရွက် ပြည်ပဈေးကွက်ရှိသည့် ရော်ဘာ၊ ငရုတ်ကောင်း၊ ကြက်သွန်သီးနှံ အမြောက်အမြား တိုးချဲ့စိုက်ပျိုး

ယခင်က ၃၂ ခုသာရှိခဲ့ရာက ယနေ့ ၁၅၆ ခုအထိ တိုးတက်ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

အလားတူပင် ကျန်းမာရေးကဏ္ဍ၌လည်း ယခင်က ဆေးရုံ ၆၃၁ ရုံသာရှိခဲ့ရာက ယခု ၈၁၉ ရုံ၊ ကျန်းမာရေးဌာနအနေဖြင့် ယခင်က ၁၃၃၇ ခုသာရှိရာက ယခု ၁၄၅၀ ရှိလာခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် မျက်မြင်အားဖြင့် မည်မျှတိုးတက်ဖြစ်ထွန်းလာသည်ကို ယင်းတိုးတက်ဖြစ်ထွန်းမှုများက ဖော်ပြလျက်ရှိကြောင်း။

စက်မှုကဏ္ဍ

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သော်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ရေးတွင် ပဓာနကျသည့် စက်မှုကဏ္ဍတိုးတက်မြင့်မားရေးအတွက် တိုးမြှင့်တည်ဆောက်သွားရန် နိုင်ငံတော်အကြီးအကဲက မှာကြားထားကြောင်း။

ထို့ကြောင့် ရခိုင်ပြည်နယ်အနေဖြင့်လည်း နိုင်ငံတော်၏မျှော်မှန်းချက်နှင့်အညီ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားကြဖို့လိုကြောင်း။

အလားတူပင် သားငါးကဏ္ဍတွင်လည်း တိုးမြှင့်ထုတ်လုပ်ကြရန် လိုကြောင်း၊ ရခိုင်ပြည်နယ်၏ နှစ်စဉ် တစ်ဦးချင်းပျမ်းမျှဝင်ငွေသည် တစ်နိုင်ငံလုံးတွင် အဆင့်ကိုးရှိရာ ပိုမိုကြိုးစားဆောင်ရွက်ရဦးမည် ဖြစ်ကြောင်း။

တိုးတက်လာသည့်လူဦးရေနှင့် လိုက်လျောညီထွေစွာ ဆန်စပါးတိုးမြှင့်စိုက်ပျိုးပါမှ ဒေသဝမ်းစာဖူလုံမည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်အနေဖြင့်ရှိထားပြီး ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများကို အခြေခံပြီး မိမိပြည်နယ်နှင့်တကွ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ရခိုင်ပြည်နယ်၌ စပါးသီးနှံစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက်လည်းကောင်း၊ ရော်ဘာစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးနည်းစနစ်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ပြီးဖြစ်သော လမ်း၊ တံတားများအခြေအနေနှင့် ဆက်လက်တည်ဆောက်ပေးနေသည့် လမ်း၊ တံတားများအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ရခိုင်ပြည်နယ်၏ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ ဒေသကြက်မွေးမြူဖြစ်ထွန်းအောင်မြင်မှု အခြေအနေနှင့် ဝန်ကြီးဌာနက ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ရှင်းလင်း တင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန် မှာကြားရာတွင် နိုင်ငံတော်၏ကိုယ်စား ဒေသတာဝန်ခံအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် တိုင်းမှူး၏ ဦးဆောင်မှုအောက်တွင် အားလုံးက ညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်းပြီး ရခိုင်ပြည်နယ်၏ တိုးတက်ရာတိုးတက်ကြောင်းအတွက် လုပ်ဆောင်ဖွယ်ရာများကို ဥစ္စာရင်လို ဥစ္စာရင်ခဲဆိုသလို ကြိုးစားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ၏ အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်မှု အတိုင်းအတာပေါ်တွင် အဓိကတည်မှီနေကြောင်း။

ရခိုင်ပြည်နယ်အနေဖြင့် နိုင်ငံတော်၏ စီးပွားရေးတွင် ပါဝင်မှုအချိုးအစား ၄ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ရာ ယခုနှစ်တွင်ထို့ထက်ပို၍ တိုးတက်ရန် ရည်မှန်းဆောင်ရွက်ကြရန် လိုကြောင်း။

အလားအလာကောင်း

ရခိုင်ပြည်နယ်မှာ ရေမြေသယံဇာတနှင့် လူဦးရေအချိုး သင့်တင့်မျှတစွာရှိနေရာ ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများရှိနေသည်ဟု ဆိုနိုင်ကြောင်း၊ ရခိုင်ပြည်နယ်၌ ပင်လယ်ရေသယံဇာတအနေဖြင့် သုံးမကုန်လောက်အောင်ရှိနေပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များလည်း ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ မြေသယံဇာတအနေဖြင့်လည်း စိုက်ပျိုးဖြစ်ထွန်းသည့် မြေသြဇာကောင်းသော မြေများ၊ သစ်တောဖုံးလွှမ်းမြေများ များစွာရှိနေကြောင်း။

သို့ဖြစ်၍ ရခိုင်ပြည်နယ်အနေဖြင့် အဖိုးတန်ရေမြေသယံဇာတ၊ သစ်တောသယံဇာတများ ပေါများကြွယ်ဝစွာရှိထားပြီးဖြစ်ရာ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၏ ကြံစည်အားထုတ်မှု၊ ကြိုးပမ်းဆောင်ရွက်မှုများ ပေါင်းစပ်လိုက်ပါက လုပ်လျှင်လုပ်သလောက် အကျိုးဖြစ်ထွန်းနိုင်သည့် ဒေသတစ်ခုဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍတွင် ဆန်စပါးတိုးချဲ့စိုက်ပျိုးရန်သာမက ပြည်ပဈေးကွက်ရှိသည့် ရော်ဘာ၊ ငရုတ်ကောင်း၊ ကြက်သွန် စသည့် နှစ်ရှည်နှင့် ရာသီ သီးနှံများ အမြောက်အမြား တိုးချဲ့စိုက်ပျိုးကြရန် မှာကြားလိုကြောင်း။

ဒေသတွင်ရှိပြီးဖြစ်သည့် ရေ၊ မြေ၊ သယံဇာတ၊ မျှတသည့် လူဦးရေနှင့် ဒေသခံများ၏ တီထွင်ကြံဆမှု၊ ကြိုးပမ်းအားထုတ်မှုများ ပေါင်းစည်းလိုက်ပါက ဒေသဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

ယင်းဖွံ့ဖြိုးမှု အခြေခံလိုအပ်ချက်များ ပေါင်းစည်းမိစေရေးအတွက် ဌာနဆိုင်ရာ အကြီးအကဲများ၊ နိုင်ငံ့ဝန်ထမ်းများက တာဝန်ယူဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

မြေကြီး လက်ခတ်မလွဲ

ဦးဆောင်ဦးရွက်ပြုသူများက ထက်ထက်မြက်မြက် စည်းရုံးဆောင်ရွက်သွားမည်ဆိုပါက မိမိတို့ဒေသ အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်ကြောင်း။

ဒေသခံပြည်သူများ လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားရေးနှင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်က ချမှတ်ထားသော ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရအောင် ကြွယ်ဝပေါများလှသည့် သယံဇာတစွမ်းအား၊ ပြည်သူများ၏လုပ်ကိုင်နိုင်မှုစွမ်းအား၊ ကြံစည်အားထုတ်မှုစွမ်းအားနှင့် ဖိဖိစီးစီးကြိုးပမ်းဆောင်ရွက်မှု စွမ်းအားတို့ ပေါင်းစည်းပြီး ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မြန်မာနိုင်ငံတော်တွင် ဖွံ့ဖြိုးတိုးတက်နိုင်မှု အလားအလာကောင်းများတည်ရှိနေပြီးဖြစ်ကြောင်း၊ ကျယ်ဝန်းသည့် ရေမြေနယ်နိမိတ်၊ သင့်တင့်လျောက်ပတ်သည့် လူဦးရေအချိုးအစား၊ သဘာဝသယံဇာတ ပေါများကြွယ်ဝမှု၊ ပြည်သူများ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထက်မြက်မြင့်မားမှု၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ ဉာဏ်ရည်ထက်မြက်ကောင်းမွန်မှုတို့သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများကို ဖန်တီးပေးထားပြီးဖြစ်၍ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် နိုင်ငံသားများက ကြိုးစားလုပ်ဆောင်ကြလျှင် ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စစ်တွေလေဆိပ်သို့ရောက်ရှိကြရာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သန်းထွန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်း အဖွဲ့များမှ တာဝန်ရှိသူများ၊ ရခိုင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက နံ့သာရည်များဖြင့် အတာရေများပက်ဖျန်း၍ ဂါရဝပြုနှုတ်ဆက်ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စစ်တွေလေဆိပ်မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာလာကြရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရခိုင်ပြည်နယ် သံတွဲလေဆိပ်သို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား တပ်မတော်အရာရှိကြီးများ၊ သံတွဲခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများက နံ့သာရည်ဖြင့် အတာရေပက်ဖျန်း၍ ဂါရဝပြုကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် သံတွဲမြို့ အဏ္ဏဝါရိပ်သာသို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ပေါက်စေတီကျောင်း နှစ်သစ်ဦးတရားပွဲ

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ရှစ်မိုင် ပေါက်စေတီကျောင်းတိုက်၌ ကျေးဇူးတော်ရှင် ပေါက်စေတီဆရာတော်ကြီး၏ ဩဝါဒကိုခံယူလျက် နှစ်သစ်ဦးတရားပွဲကို ဧပြီ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ရာ ဓမ္မဒူတအရှင်ဆေကိန္ဒက ည ၇ နာရီမှစ၍ တရားတော်များကို ဟောကြားမည် ဖြစ်ကြောင်းသိရသည်။

(က-ပ)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ဆီးရီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၁၇

၂၀၀၅ ခုနှစ် ဧပြီ ၁၇ ရက်တွင် ကျရောက်သော ဆီးရီးယား အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဆီးရီးယား အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဖာရော့(ခ်) အယ်လ်ရှာရားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်၏ ယဉ်ကျေးမှုကိုယ်စားလှယ်များအဖြစ် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာအောင် ကြိုးပမ်း ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရန် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူပြီး တက်ညီလက်ညီဆောင်ရွက်

ရန်ကုန် ဧပြီ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ၎င်း၏ ဖိတ်ကြားချက်အရ ၂၀၀၅ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်တွင် ပါဝင်ဆင်နွှဲခဲ့ကြသော နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များဖြစ်ကြသည့် ကချင်ပြည်နယ် ဆဒုံးကန်ပိုက်တီးဒေသမှ ကချင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ကယားပြည်နယ် မယ်စဲ့ဒေသမှ ကယားတိုင်းရင်းသား တိုင်းရင်းသူများ၊ ကရင်ပြည်နယ် သံတောင်ဒေသမှ ကရင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ချင်းပြည်နယ် ထန်တလန်လုံလဲရ်ဒေသမှ ချင်းတိုင်းရင်းသား တိုင်းရင်းသူများ၊ စစ်ကိုင်းတိုင်း လေရှီး ပန်ဆပ်ဒေသမှ နာဂတိုင်းရင်းသား တိုင်းရင်းသူများ၊ မွန်ပြည်နယ် ခေါဇာဒေသမှ မွန်တိုင်းရင်းသား တိုင်းရင်းသူများ၊ ရခိုင်ပြည်နယ် မာန်အောင်ဒေသမှ ရခိုင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဝိန်းကောင်ဒေသမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်တုံဒေသမှ ပလောင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းဒေသမှ ရှမ်းတိုင်းရင်းသား တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံဒေသမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ တနင်္သာရီတိုင်း ဘုတ်ပြင်းဒေသမှ မွန်တိုင်းရင်းသား တိုင်းရင်းသူများပါဝင်သည့် နယ်စပ်ဒေသ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ကချင်ပြည်နယ် ပူတာအို၊ ဒေါ့ဖုန်းယန်၊ ဒွန်ဘန်ဒေသနှင့် စစ်ကိုင်းတိုင်း လေရှီး၊ လဟယ်၊ နန်းယွန်းဒေသများရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများမှ သင်တန်းသူများအား ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နယ်စပ်ဒေသများမှ တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ည ၇နာရီတွင် ဂုဏ်ပြုညစာ တည်ခင်းဧည့်ခံသည့် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်သို့ ရောက်ရှိလာပြီး နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ ၂၀၀၅ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲဆင်နွှဲရန် ရန်ကုန်မြို့သို့ရောက်လာကြသည့် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ညီအစ်ကိုမောင်နှမများကို ဂုဏ်ပြုသည့်အနေဖြင့် ယခုကဲ့သို့ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပေးခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ တစ်နံတစ်လျား၌ နေထိုင်ကြသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ယခုကဲ့သို့ တစ်နေရာတည်းတွင် တစုတဝေးတည်း ဆုံဆည်းပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အတူတကွ ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီက စီစဉ်ဆောင်ရွက်ပေးခဲ့သည်မှာ ယခုဆိုလျှင် (၁၃)နှစ်မြောက်ရှိပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးသည် ပြည်ထောင်စုကြီးတစ်ရပ်လုံးနှင့် သက်ဆိုင်သည့် ရိုးရာယဉ်ကျေးမှုပွဲတော် တစ်ရပ်ဖြစ်ကြောင်း၊ ပြည်ထောင်စုကြီး၏ ရိုးရာယဉ်ကျေးမှုပွဲတော် ဖြစ်သည်နှင့်အညီ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး အတူတကွ ပါဝင်ဆင်နွှဲနိုင်အောင် နှစ်စဉ် စီစဉ်ပေးနေခြင်းပင်ဖြစ်ကြောင်း။

နယ်စပ်ဒေသအသီးသီးက တိုင်းရင်းသား၊ တိုင်းရင်းသူ ညီအစ်ကိုမောင်နှမများ ယခုကဲ့သို့ ရန်ကုန်မြို့တော်ကြီး၌ စုစုဝေးဝေး ပျော်ရွှင်စွာဆုံဆည်းကြပြီး မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကြီးကို ရင်းနှီးချစ်ကြည်စွာ စုပေါင်းဆင်နွှဲကြသည်ကို တွေ့မြင်ရသည့်အတွက် များစွာ ဝမ်းမြောက်ကြည်နူးဖြစ်ရကြောင်း။

ပြည်ထောင်စုကြီးအတွင်း နေရာဒေသအသီးသီးတွင် ပျံ့နှံ့နေထိုင်လျက်ရှိကြသည့် သွေးချင်းသားရင်း ညီအစ်ကိုမောင်နှမများ ဆုံတွေ့ကြရခြင်းဖြစ်သည့်အတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှသော အချိန်အခါသမယလည်း ဖြစ်ကြောင်း။

ယခုကဲ့သို့ မဟာသင်္ကြန်ကာလအတွင်း သွေးချင်းသားရင်း ညီအစ်ကိုမောင်နှမများ အတူတကွ ပေါင်းစည်းနေထိုင် သွားလာလှုပ်ရှားနေကြသည်ကို တွေ့မြင်ရခြင်းသည် ပြည်ထောင်စုကြီးအတွင်း နေရာဒေသအနှံ့ ပျံ့နှံ့နေထိုင်ကြသော်လည်း စိတ်ထားချင်းတူညီကြသည်ကို ပေါ်လွင်ထင်ရှားစေသကဲ့သို့ တူညီဝတ်စုံများဆင်မြန်းပြီး ကကြိုးညီညာ ပျော်ရွှင်စွာ ကခုန်နေကြသည့်မြင်ကွင်းမှာလည်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူ၍ ခွဲခြားမရနိုင်ဘဲ တူညီဝတ်စုံများအောက်၌ တစ်သွေးတည်း တစ်သားတည်း တူညီနေသည်ကို ကြည်နူးဖွယ်မြင်တွေ့ရကြောင်း။

တိုင်းရင်းသားလူမျိုးစုများ ပေါင်းစည်းယှက်နွယ် မှီတင်းနေထိုင်လျက်ရှိကြပြီး ပြည်နယ်နှင့်တိုင်း(၁၄)ခုဖြင့် ဖွဲ့စည်းတည်ထောင်လာခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် နေ့ချင်းညချင်း ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ နှစ်ပေါင်းများစွာ ရှည်လျားသည့် သမိုင်းစဉ်တစ်လျှောက် ဘိုးဘေးဘီဘင် အစဉ်အဆက်ကာလကတည်းက တိုင်းရင်းသားညီအစ်ကိုမောင်နှမ သွေးသားရင်းများ တစ်စိတ်တစ်ဝမ်းတည်း ပေါင်းစည်းချစ်ကြည်စွာ နေထိုင်လာခဲ့ရင်းက ဖွဲ့စည်းဖြစ်တည်ပေါ်ထွန်းလာခြင်းဖြစ်၍ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံးသည်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တည်းဟူသော အိမ်ထောင်စုကြီးအတွင်း ဘေးစဉ်ဘောင်ဆက်၊ ဆွေစဉ်မျိုးဆက် မှီတင်းပေါက်ဖွားလာခဲ့ကြသည့် မိသားစုဝင် သွေးချင်းသားရင်းများပင်ဖြစ်ကြကြောင်း။

ယခုကဲ့သို့ ဘေးဘိုးစဉ်ဆက် ဥမကွဲသိုက်မပျက် အေးအတူပူအမျှ ပေါင်းစည်းနေထိုင်လာခဲ့ကြသည့် စည်းလုံးညီညွတ်မှု အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရင်း မိမွေဘမွေဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရအောင် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် တာဝန်သည် ယနေ့အမွေဆက်ခံရပ်တည်နေကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားတိုင်းအတွက် အမျိုးသားရေးတာဝန်တစ်ရပ်ပင် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း တိုင်းရင်းသား လူမျိုးများအားလုံးအပေါ်၌ သာစေ၊ နာစေဟူ၍မရှိစေဘဲ မိဘက သားသမီးအပေါ်ထားရှိသည့် ဖြူစင်မေတ္တာစေတနာသဘောထားဖြင့် တိုင်းရင်းသားလူမျိုးများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ချစ်ကြည်ရင်းနှီးနေသရွေ့ကာလပတ်လုံး ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲမည်ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခိုင်အမာ တည်ဆောက်ပွားများနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးစားပေး ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါတွင် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းလာခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို စနစ်တကျ စီမံချမှတ်အားပေးဆောင်ရွက်လာခဲ့ရာ ယခုဆိုလျှင် နယ်စပ်ဒေသများ၌ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းများ ဟန်ချက်ညီ တိုးတက်မြင့်မားလာကာ နယ်စပ်မြို့ကြီးပြကြီးများ ပေါ်ထွန်းနေပြီဖြစ်သည်ကို မြင်တွေ့နေကြရပြီဖြစ်ကြောင်း။

ယခုကဲ့သို့ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား၊ တိုင်းရင်းသူ ညီအစ်ကိုမောင်နှမများ ရန်ကုန်မြို့တော် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲရင်း နိုင်ငံတော်၏ တိုးတက်ဖြစ်ထွန်းနေမှုများ လေ့လာနိုင်အောင်နှင့် တန်ခိုးကြီးဘုရားများ ဖူးမြော်နိုင်အောင် တစ်ပေါင်းတည်း စီစဉ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းရင်းသားယဉ်ကျေးမှု ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်နေမှုများကို မျက်မြင်ကိုယ်တွေ့ လေ့လာသိရှိပြီးဖြစ်သောကြောင့် မိမိတို့ဒေသ ပြန်လည်ရောက်ရှိကြသည့်အခါ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ အားတက်သရော ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ကမ္ဘာတည်သရွေ့ ပြည်ထောင်စုကြီး မပျက်မယွင်း၊ မပြိုမကွဲ ခိုင်မြဲစေရန် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအကြား သမိုင်းအစဉ်အဆက် ဖြစ်ထွန်းတည်ရှိလာခဲ့သည့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုကြီး၏ မိသားစုဘဝ အနှစ်သာရကို အစဉ်ထာဝရ တည်တံ့ခိုင်မြဲစေရန် ရေရှည်အာမခံနိုင်မည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိနေပြီဖြစ်ကြောင်း။

တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များကလည်း ယနေ့ ပြည်ထောင်စုကြီးအတွင်း ဖြစ်ထွန်းနေပြီဖြစ်သည့် ငြိမ်းချမ်းသာယာမှု၊ ပေါင်းစည်းညီညွတ်မှု၊ ဖွံ့ဖြိုးဝေစည်မှု၊ အမွန်အမြတ်တရားများ ဆက်လက်တိုးပွားခိုင်ခံ့စေရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲစေရေးတို့အတွက် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် အရင်းခံပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော် ဖြစ်ထွန်းစေရန် ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီ လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ရင်းရင်းနှီးနှီး နှုတ်ဆက်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်တွင် ပါဝင်ဆင်နွှဲခဲ့ကြသော နယ်စပ်ဒေသ အသီးသီးမှတိုင်းရင်းသား၊တိုင်းရင်းသူယဉ်ကျေးမှုအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိဂုံးချုပ်အနေဖြင့် တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုကိုယ်စားလှယ်များအားလုံးက နိုင်ငံတော်၏ ယဉ်ကျေးမှုကိုယ်စားလှယ်များအဖြစ်၊ နိုင်ငံတော်၏ စည်းရုံးရေးမှူးများအဖြစ် မိမိတို့ဒေသအတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာအောင်၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲစေရန် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူပြီး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားရင်း နိဂုံးချုပ်လိုက်ကြောင်း ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ကချင်ပြည်နယ် ဆဒုံးကန်ပိုက်တီးဒေသမှ ကချင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ကယားပြည်နယ် မယ်စဲ့ဒေသမှ ကယားတိုင်းရင်းသား တိုင်းရင်းသူများ၊ ကရင်ပြည်နယ် သံတောင်ဒေသမှ ကရင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ချင်းပြည်နယ် ထန်တလန် လုံလဲရ်ဒေသမှ ချင်းတိုင်းရင်းသား တိုင်းရင်းသူများ၊ စစ်ကိုင်းတိုင်း လေရှီး ပန်ဆပ်ဒေသမှ နာဂတိုင်းရင်းသား တိုင်းရင်းသူများ၊ မွန်ပြည်နယ် ခေါဇာဒေသမှ မွန်တိုင်းရင်းသား တိုင်းရင်းသူများ၊ ရခိုင်ပြည်နယ် မာန်အောင်ဒေသမှ ရခိုင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဝိန်းကောင်ဒေသမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်တုံဒေသမှ ပလောင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းဒေသမှ ရှမ်းတိုင်းရင်းသား တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံဒေသမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ တနင်္သာရီတိုင်း ဘုတ်ပြင်းဒေသမှ မွန်တိုင်းရင်းသား တိုင်းရင်းသူများပါဝင်သည့် နယ်စပ်ဒေသ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ ၁၄ဖွဲ့အား တစ်ဖွဲ့လျှင် ငွေကျပ်တစ်သိန်းစီဖြင့် ဂုဏ်ပြုဆုငွေ ကျပ် ၁၄သိန်းကို ပေးအပ်ချီးမြှင့်ရာ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များ ကိုယ်စား ကရင်ပြည်နယ် သံတောင်ဒေသမှ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများက လက်ခံယူကြသည်။ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ✡

နယ်စပ်ဒေသနေ တိုင်းရင်းသား တိုင်းရင်းသူ ညီအစ်ကို မောင်နှမအားလုံး ငြိမ်းချမ်းခြင်း၏ အသီးအပွင့် အခက်အလက်များကို မျှဝေခံစားနေကြရ

✡ စာမျက်နှာ ၁၁ မှ

ယင်းနောက် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား၊ တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များကိုယ်စား ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းဒေသမှ ရှမ်းတိုင်းရင်းသူ နန်းမာမာဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားရာတွင် ယခုကဲ့သို့ ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော်တွင် လာရောက်ဆင်နွှဲကြသည့် မိမိတို့ နယ်စပ်ဒေသ ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး၏ ကိုယ်စား ကျေးဇူးတင်စကားပြောကြားခွင့်ရသည့်အတွက် အထူးပင် လှိုက်လှဲဝမ်းသာ ဂုဏ်ယူမိပါကြောင်း။

၂၀၀၅ခုနှစ် ရန်ကုန်မြို့တော် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မိမိတို့ ဝင်ရောက်ဆင်နွှဲခွင့်ရမည်ဟု သိခဲ့ရသည့်အချိန်ကစပြီး အထူးဝမ်းသာ ပျော်ရွှင်ခဲ့ရပါကြောင်း၊ မိမိတို့ ရန်ကုန်မြို့ကို ရောက်ရှိလာသည့်အခါတွင်လည်း တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုခဲ့ကြပြီး နေရေးထိုင်ရေး၊ စားရေးသောက်ရေး၊ ကျန်းမာရေး၊ သွားရေးလာရေးကအစ အဘက်ဘက်က လိုလေသေးမရှိအောင် မိဘသဖွယ် ကူညီစောင့်ရှောက်ပေးခဲ့၍လည်း အံ့သြဝမ်းသာဖြစ်ခဲ့ရပါကြောင်း။

ရန်ကုန်မြို့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် အခြားသော တန်ခိုးကြီးဘုရားများ ဖူးမြော်ခွင့်ရအောင် စီစဉ်ပေးခဲ့သည့်အတွက်လည်းကောင်း၊ ရန်ကုန်မြို့နှင့် ပတ်ဝန်းကျင် သွားရောက်လေ့လာခွင့်ရအောင် စီစဉ်ပေးခဲ့သည့်အတွက် လည်းကောင်း တာဝန်ရှိသူများအားလုံးကို အထူးပင် ကျေးဇူးတင်ပါကြောင်း။

ယခုကဲ့သို့ စီစဉ်ပေးခဲ့သည့်အတွက် မိမိတို့သည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင် သိမြင်လေ့လာခွင့်ရရှိခဲ့ပါကြောင်း၊ မိမိတို့၏ နယ်စပ်ဒေသများသည် ယခင်ခေတ်အဆက်ဆက်က လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပြီး စီးပွားရေးဖွံ့ဖြိုးမှုများ နောက်ကျကျန်ရစ်ကာ လူမှုဘဝ ပြည့်စုံမှု မရှိခြင်းများနှင့် ခါးသီးစွာ ကြုံတွေ့ခဲ့ရပါကြောင်း။

ယခုအခါ နိုင်ငံတော်အစိုးရ၏ စေတနာကြောင့် မိမိတို့နယ်စပ်ဒေသများသည် လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားရေးအခြေခံအဆောက်အအုံများ ကောင်းမွန်လာပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ခေတ်မီဆက်သွယ်ရေး၊ စက်မှုလက်မှုကဏ္ဍ၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းစသည့် စီးပွားရေးဘဝများ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါကြောင်း၊ ယနေ့နယ်စပ်ဒေသများသည် မြို့ကြီးပြကြီးများနှင့် မခြားတန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြပြီး နယ်စပ်ဒေသနေမိမိတို့ တိုင်းရင်းသား တိုင်းရင်းသူ ညီအစ်ကို မောင်နှမအားလုံးသည် ငြိမ်းချမ်းခြင်း၏ အသီးအပွင့် အခက်အလက်များကို မျှဝေခံစားနေကြရပြီဖြစ်ပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်နိမိတ်အတွင်းမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပျံ့နှံ့နေထိုင်လျက်ရှိကြသကဲ့သို့ ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းတစ်ခုစီတွင်လည်း တိုင်းရင်းသားလူမျိုးများ အတူတကွရင်းနှီးချစ်ကြည်စွာပေါင်းစည်းနေထိုင်လျက်ရှိကြသည့် ပြည်ထောင်စုငယ်လေးများသဖွယ် ဖြစ်တည်နေကြကြောင်း၊ ယခုလို တစ်ဦးနှင့်တစ်ဦး ပေါင်းစည်းယှက်နွယ်နေထိုင်ကြပြီး ခွဲခြား၍မရသည့် အခြေအနေတွင် တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးရှိကြရန်လိုအပ်ကြောင်း မိမိတို့အားလုံး အလေးအနက်ခံယူထားပါကြောင်း။

မဟာသင်္ကြန်ပွဲတော်ကြီးကို အကြောင်းပြုပြီး ဝေးလံသည့် နယ်စပ်ဒေသ အသီးသီးက မိမိတို့တိုင်းရင်းသားညီအစ်ကို မောင်နှမတစ်တွေ လာရောက်ဆုံတွေ့ခွင့် ရရှိခဲ့ကြပါကြောင်း၊ အတူနေ၊ အတူစား၊ အတူသွား၊ အတူလာ၊ အတူကကြပြီး သူ့အကြောင်း၊ ကိုယ့်အကြောင်း၊ သူ့ဓလေ့၊ ကိုယ့်ဓလေ့မေးကြမြန်းကြ၊ ပြောပြကြနှင့် မမောနိုင်အောင်ရှိကြရပါကြောင်း၊ ယခုကဲ့သို့ ဒေသန္တရ ဗဟုသုတနှင့် ရင်းနှီးချစ်ခင်မှုတွေ ရရှိခဲ့ခြင်းသည် မိမိတို့အတွက်ရော၊ နိုင်ငံတော်အတွက်ပါ တန်ဖိုးမဖြတ်နိုင်သည့် ရလဒ်တစ်ခုပင်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ လေ့လာတွေ့ရှိခဲ့ရသည့်အတွေ့အကြုံဗဟုသုတများကို အသုံးချပြီး ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျရာကဏ္ဍမှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားကြပါမည်ဟု တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ကိုယ်စား ခိုင်ခိုင်မာမာ ကတိပြုပြောကြားအပ်ပါကြောင်း။

ယခုနှစ် မဟာသင်္ကြန်ပွဲတွင် အတူတကွတွေ့ဆုံခင်မင်ရင်းနှီးခဲ့ကြရသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်ဒေသ ပြန်သွားကြ၍ မည်မျှပင်အလှမ်းကွာဝေးပါစေ ခင်မင်ရင်းနှီးမှု သံယောဇဉ်ကြီးမားနေကြပြီမို့ တစ်ယောက်နှင့်တစ်ယောက် အမြဲဆက်သွယ်ပြီး ချစ်ကြည်ရင်းနှီးမှု အခွန့်ရှည်စေမှာဖြစ်ပါကြောင်း၊ နောင်လာမည့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် ကာလတွေရောက်တိုင်း ယခုနှစ်သင်္ကြန်ပွဲတော်မှာ ပျော်ရွှင်ခဲ့ရသည်များကိုလည်း အမြဲပြန်လည် တမ်းတသတိရနေမှာ အမှန်ပင်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ ဆက်လက်၍ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် နယ်စပ်ဒေသ အသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား အနုပညာရှင်များက မြန်မာ့ရိုးရာ ယဉ်ကျေးမှုအကများဖြင့် ဧည့်ခံဖျော်ဖြေ တင်ဆက်ကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဧည့်သည်တော်များနှင့် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်တွင် ပါဝင်ဆင်နွှဲခဲ့ကြသော နယ်စပ်ဒေသ အသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြု လက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ၂၀၀၅ ခုနှစ် ရန်ကုန်မြို့တော် မဟာ သင်္ကြန် ပွဲတော်သို့ လာရောက်ဆင်နွှဲ ခဲ့ကြသော နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသူများအားနှုတ်ခွန်းဆက် စကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသူများအား တွေ့ဆုံ

ရန်ကုန် ဧပြီ ၁၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့သည် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၏ ဖိတ်ကြားချက်အရ ၂၀၀၅ ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော်သို့ လာရောက်ဆင်နွှဲခဲ့ကြသော နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသူများအား ယနေ့ မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမဆောင်၌ တွေ့ဆုံသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ အထွေထွေအတွင်းရေးမှူး၊တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးအဖွဲ့ဝင်များ၊ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်နှင့်အဖွဲ့ဝင်များ၊ ၂၀၀၅ ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော်သို့လာရောက်ဆင်နွှဲခဲ့ကြသော ကချင်ပြည်နယ် ဆဒုံး/ကန်ပိုက်တီးဒေသမှ ကချင်တိုင်းရင်းသူများ၊ ကယားပြည်နယ် မယ်စဲ့ဒေသမှ ကယားတိုင်းရင်းသူများ၊ ကရင်ပြည်နယ် သံတောင်ဒေသမှ ကရင်တိုင်းရင်းသူများ၊ ချင်းပြည်နယ် ထန်တလန်/လုံလဲရ်ဒေသမှ ချင်းတိုင်းရင်းသူများ၊ စစ်ကိုင်းတိုင်း လေရှီး/ပန်ဆပ် ဒေသမှ နာဂတိုင်းရင်းသူများ၊ မွန်ပြည်နယ် ခေါဇာဒေသမှ မွန်တိုင်းရင်းသူများ၊ ရခိုင်ပြည်နယ် မာန်အောင်ဒေသမှ ရခိုင်တိုင်းရင်းသူများ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဝိန်းကောင်ဒေသမှ တိုင်းရင်းသူများ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မန်တုံဒေသမှ ပလောင်တိုင်းရင်းသူများ၊ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းဒေသမှ ရှမ်းတိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံဒေသမှ တိုင်းရင်းသူများ၊ တနင်္သာရီတိုင်း ဘုတ်ပြင်းဒေသမှ မွန်တိုင်းရင်းသူများ၊ ကချင်ပြည်နယ် ပူတာအို၊ဒေါ့ဖုန်းယန်၊ဒွန်ဘန်ဒေသများနှင့် စစ်ကိုင်းတိုင်း ခန္တီး၊ လေရှီး၊ လဟယ်၊ နန်းယွန်းဒေသများရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများမှ သင်တန်းသူများဖြစ်ကြသည့် ကချင်တိုင်းရင်းသူများနှင့် နာဂတိုင်းရင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသူများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခင်ထားမေက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများနှင့် လုပ်ငန်းဆောင်ရွက်ချက်များကိုရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့၏အမှတ်တရလက်ဆောင်ပစ္စည်းကို အဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်က ပေးအပ်ရာ တိုင်းရင်းသူနှစ်ဦးက လက်ခံသည်။

ထို့နောက် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသူများကိုယ်စား တိုင်းရင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

DMAရွှေရတုအထိမ်းအမှတ်အခမ်းအနားနှင့် ပြခန်းဖွင့်ပွဲ၊ စာတမ်းဖတ်ပွဲများကျင်းပမည်

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန၏ စီမံအုပ်ချုပ်မှုဒီပလိုမာသင်တန်း DMA နှစ်(၅၀) မြောက်အထိမ်းအမှတ် ဈေးရောင်းပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို ဧပြီ ၂ ရက်တွင် ကျင်းပခဲ့ပြီး ရွှေရတုအခမ်းအနားများ ဆက်လက် ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များက ဆောင်ရွက်လျက်ရှိသည်။

စီမံအုပ်ချုပ်မှုပညာဒီပလိုမာသင်တန်း ရွှေရတုအထိမ်းအမှတ် အခမ်းအနားနှင့်ပြခန်းကို ဧပြီ ၃၀ ရက် နံနက် ၈နာရီတွင် လှိုင်နယ်မြေ စီမံခန့်ခွဲမှုပညာဌာန၌ ဖွင့်လှစ်မည်ဖြစ်ပြီး နံနက်၉နာရီတွင် စီမံခန့်ခွဲမှုဆိုင်ရာ စာတမ်းများတင်သွင်းဖတ်ကြားဆွေးနွေးကြမည်ဖြစ်၍ စိတ်ဝင်စားသူမည်သူမဆို တက်ရောက်ရန် ဖိတ်ခေါ်ထားသည်။

DMAရွှေရတုအာစရိယပူဇော်ပွဲကို မေ၁ရက် ညနေ၄နာရီခွဲတွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး ညနေ၆နာရီခွဲတွင် ညစာစားပွဲ အစီအစဉ်များကို ယင်းဟိုတယ်၌ပင်ဆက်လက်ကျင်းပမည်ဖြစ်ရာ DMAကျောင်းသားကျောင်းသူဟောင်းများ စုံစုံညီညီ ပါဝင်နိုင်ရေးအတွက် နှိုးဆော်ထားကြောင်း သိရသည်။

(သတင်းစဉ်)

ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာတရားပွဲ

ရန်ကုန် ဧပြီ ၁၈

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့်အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားတော်များကို ဓမ္မရသ ရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အံကြီး)က ဧပြီ ၂၁ရက်မှ ၂၇ရက်အထိ ပုဇွန်တောင်မြို့နယ် ၅၅လမ်းရှိ မာဃလုလင်ဓမ္မာရုံ၌ ည ၇နာရီမှ ည ၈နာရီခွဲအထိ လည်းကောင်း၊ ဧပြီ ၂၄ရက်မှ ၃၀ရက်အထိ သာကေတမြို့နယ်(၂)တောင်ရပ်ကွက် ရန်အောင်မြေဓမ္မာရုံ၌ ညနေ ၅ နာရီခွဲမှ ည ၇နာရီအထိလည်းကောင်း၊ မေ ၁ရက်မှ ၇ရက်အထိ ဗိုလ်တထောင် စေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံ၌ ညနေ ၆နာရီခွဲမှ ည ၈နာရီ အထိလည်းကောင်း ကိုယ်တွေ့ဉာဏ်မြင် ခန္ဓာဉာဏ်ရောက် ဟောပြောပို့ချမည်ဖြစ်သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မဟာသင်္ကြန်ကာလ သတင်းစာတိုက်များ နားရက်တွင် ပုံနှိပ်စက်များ ကြံ့ခိုင်ရေးဆောင်ရွက်နေမှု လှည့်လည်စစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မဟာသင်္ကြန်ကာလအတွင်း ကြေးမုံသတင်းစာတိုက်နားရက်တွင် ပုံနှိပ်စက်များကြံ့ခိုင်ရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၁၈

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအောက်ရှိ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်နှင့် မြန်မာ့အလင်းပုံနှိပ်တိုက်များ မဟာသင်္ကြန်ကာလ နားရက်တွင် ပုံနှိပ်စက်ပိုင်းဆိုင်ရာဝန်ထမ်းများက ပုံနှိပ်စက်များကြံ့ခိုင်ရေး ဆောင်ရွက်နေမှုအခြေအနေတို့ကို ဧပြီ၁၅ရက်နှင့် ၁၆ရက်တို့တွင် လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

မြန်မာ့အလင်း

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၁၅ရက် မဟာသင်္ကြန်အကြတ်နေ့ နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)ရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်း သတင်းစာတိုက်သို့ ရောက်ရှိလာရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိုးဝင်း၊ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးမြလှိုင်၊ မြန်မာ့အလင်း သတင်းစာတိုက် စာတည်းမှူးချုပ် ဦးရဲမြင့်ဖေ၊ မန်နေဂျာ ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဝန်ကြီးသည် မြန်မာ့အလင်းသတင်းစာတိုက် ပုံနှိပ်စက်ခန်းသို့ သွားရောက်၍ မဟာသင်္ကြန်ကာလအတွင်း ပုံနှိပ်စက်ကြံ့ခိုင်ရေးဆောင်ရွက်သွားရန် ကြိုတင်ရေးဆွဲထားသည့် မှတ်တမ်းများနှင့် စက်များ မွမ်းမံပြုပြင်ရာတွင် ချွတ်ယွင်းမှုရှိပြီး လဲလှယ်ရန် လိုအပ်သော စက်ပစ္စည်းအဟောင်းများ အသစ်လဲလှယ်တပ်ဆင်မည့် စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ပုံနှိပ်စက်ပိုင်းဆိုင်ရာ ဝန်ထမ်းများက Unit အလိုက် ရေလုံးမင်လုံးများ ဖြုတ်ချွတ်ဆေးကြောခြင်း၊ ပြန်လည်ချိန်ညှိတပ်ဆင်ခြင်း၊ Ink Form Roller နှင့် Water Form များတွင် Roller Ball Bearing အသစ်လဲလှယ်တပ်ဆင်ခြင်း၊ Blanket နှင့် Plate Cylinder များကို စစ်ဆေးချိန်ညှိခြင်း၊ ဆေးကြောသန့်ရှင်းခြင်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ရေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိုးဝင်း၊ စာတည်းမှူးချုပ် ဦးရဲမြင့်ဖေနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ပစ္စည်းအဟောင်းများနှင့် အသစ်လဲလှယ်တပ်ဆင်မည့် စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မဟာသင်္ကြန်ကာလအတွင်း မြန်မာ့အလင်းပုံနှိပ်တိုက်နားရက်တွင် ပုံနှိပ်စက်များ ကြံ့ခိုင်ရေးဆောင်ရွက်နေမှုနှင့် စက်အရန်ပစ္စည်း အသစ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြေးမုံ

ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၁၆ရက် မဟာသင်္ကြန်အတက်နေ့ ညနေ ၄နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၅၂လမ်း အမှတ် (၇၇)ရှိ ကြေးမုံသတင်းစာတိုက်သို့ ရောက်ရှိလာရာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိုးဝင်း၊ ညွှန်ကြားရေးမှူး(စီမံ) ဦးစိုးဝင်း၊ စာတည်းမှူးချုပ် ဦးဇော်မင်းသိမ်း၊ မန်နေဂျာ ဒေါ်ခင်ညိုဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဝန်ကြီးသည် ပုံနှိပ်စက်ခန်းရှိ မဟာသင်္ကြန် ကာလအတွင်း ပုံနှိပ်စက် ကြံ့ခိုင်ရေးနှင့် အထွေထွေ ဆောင်ရွက်ချက်မှတ်တမ်း၊ စက်များ မွမ်းမံပြုပြင်ရာတွင် ချွတ်ယွင်းမှုရှိပါက အသစ်လဲလှယ်ရန် လိုအပ်သော စက်

ဆက်လက်၍ ဝန်ကြီးသည် စက်ပိုင်းဆိုင်ရာ ဝန်ထမ်းများက စက် Unit အလိုက် ဆေးကြောချိန်ညှိခြင်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ရေးအတွက် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

ယင်းနောက် ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်း ပုံနှိပ်တိုက်သို့ ရောက်ရှိပြီး ပုံနှိပ်စက်ခန်းအတွင်း ပုံနှိပ်စက်ပိုင်းဆိုင်ရာ ဝန်ထမ်းများက သင်္ကြန်ကာလ ပိတ်ရက်၌ နားရက်မယူဘဲ ပုံနှိပ်စက်ကြံ့ခိုင်ရေးအတွက် ပြင်ဆင်မွမ်းမံနေမှုများ၊ စက်အရန်ပစ္စည်းအသစ်များ၊ ပုံနှိပ်စက်ခန်းသုံး စက်ပစ္စည်းများ၊ စက်ခန်းသန့်ရှင်းရေးအတွက် ဆောင်ရွက်နေမှုများနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ပြင်ဆင်မွမ်းမံမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ညနေပိုင်းတွင် မြန်မာ့အလင်းပုံနှိပ်တိုက်မှ ပြန်လည်ထွက်ခွာသွားသည်။

စမ်းသပ်တီထွင်ထုတ်လုပ်

ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်နှင့် မြန်မာ့အလင်း ပုံနှိပ်တိုက်တို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားရာတွင် ပုံနှိပ်စက်အရန်ပစ္စည်းများ အမြဲအရန်အသင့်ရှိအောင် စီစဉ်ထားရန်နှင့် မကြာခဏပျက်စီး ချွတ်ယွင်းတတ်သော စက်ပစ္စည်းများကို ဦးစားပေး အရန်အသင့်ရှိရေး စီစဉ်ဆောင်ရွက်ထားရန်၊ အချို့စက်ပစ္စည်းများမှာ စက်မှုဇုန်များတွင် ထုတ်လုပ်နိုင်သဖြင့် နိုင်ငံခြားပစ္စည်းထက် ပြည်တွင်းစက်မှုဇုန်ထုတ် ပစ္စည်းများကို အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားရန်၊ မိမိတို့ပုံနှိပ်စက်သုံး စက်ပစ္စည်းများကို စက်မှုဇုန်မှ တာဝန်ရှိသူများအား ခေါ်ယူပြသ ညှိနှိုင်းဆွေးနွေးပြီး လိုအပ်သည့် စက်ပစ္စည်းများရရှိရေး ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရန်၊ ပြည်ပမှ မှာယူတင်သွင်းခြင်းမပြုရဘဲ ပြည်တွင်းမှာပင် ရရှိရေးအတွက် တီထွင်ဆောင်ရွက်နိုင်အောင် ဆွေးနွေးပွဲများပြုလုပ်ဆောင်ရွက်သွားရန်၊ အချို့ပစ္စည်းများမှာ လောလောဆယ် ပြည်တွင်းတွင် ထုတ်လုပ်နိုင်ခြင်းမရှိသေးသော်လည်း ရေရှည်တွင် စမ်းသပ်တီထွင်ထုတ်လုပ်နိုင်ရေး ညှိနှိုင်းထားရန်၊ စက်များကို အမြဲမပြတ် စစ်ဆေးစေ၍ လိုအပ်မှုကို ပြုပြင်ဆောင်ရွက်နေရန်၊ စက်တစ်လုံးချင်း ပြုပြင်မှုကို မှတ်တမ်းထားရှိရန်၊ စက် ကိုင်တွယ်သူများကိုလည်း ကျွမ်းကျင်မှုရှိအောင် ပြည်တွင်း ပြည်ပ သင်တန်းများ တက်ရောက်နိုင်ရေး စီစဉ်ပေးရန်၊ ပုံနှိပ်စက်ပညာကို ဝန်ထမ်းများ ခါးဆက်မပြတ်အောင် လေ့ကျင့်သင်ကြားရေး စီမံဆောင်ရွက်ရန်၊ စက်နှင့် စက်ခန်းသန့်ရှင်းရေးကို အမြဲဂရုစိုက် ဆောင်ရွက်ရန်၊ မီးဘေးလုံခြုံရေး အထူးဂရုစိုက်ကြရန်၊ ပုံနှိပ်စက်ခန်းများ လေဝင်လေထွက် ကောင်းမွန်အောင် စီစဉ်ရန်နှင့် ဝန်ထမ်းများ သက်သာချောင်ချိရေးကို တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးရန်တို့ကို မှာကြားသည်။

၁၃၆၆ ခုနှစ် မဟာသင်္ကြန် ကာလအတွင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ် သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို အလှည့်ကျ ထုတ်ဝေသည်။

သုံးရက်တာနား

ဧပြီ ၁၃ရက် မဟာသင်္ကြန်အကြိုနေ့၊ ဧပြီ ၁၄ရက် မဟာသင်္ကြန်အကျနေ့နှင့် ဧပြီ ၁၅ရက် မဟာသင်္ကြန်အကြတ်နေ့တို့တွင် ကြေးမုံသတင်းစာကို ထုတ်ဝေပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ သုံးရက်တာနားသည်။

ဧပြီ ၁၆ရက် မဟာသင်္ကြန်အတက်နေ့၊ ဧပြီ ၁၇ရက် ၁၃၆၇ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နှင့် ဧပြီ ၁၈ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ ထုတ်ဝေသည်။ ယင်းနေ့များတွင် ကြေးမုံသတင်းစာသုံးရက်တာနားသည်။

သတင်းစာတိုက်များသည် တစ်နှစ်တာကာလအတွင်း သုံးရက်မျှ ခေတ္တနားခဲ့ရာမှ အဆိုပါနားရက်များအတွင်း ပုံနှိပ်စက်ပိုင်းဆိုင်ရာ ဝန်ထမ်းများက ပုံနှိပ်စက်ကြံ့ခိုင်မှုများကို နားရက်မယူဘဲ ဆောင်ရွက်ခဲ့သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၄-၂၀၀၅ (အင်္ဂါနေ့)

၇:၀၀။ အဖွင့် ယနေ့အစီအစဉ်
၇:၀၅။ တစ်ကွင်းတစ်စပ် မြစ်ရေတင်လုပ်ငန်းများ
၇:၂၀။ တေးဂီတအစီအစဉ်
၇:၂၅။ ကျေးလက်လမ်းတံတား
၇:၃၅။ ပြည်တွင်းသတင်း
၇:၄၀။ စပါးအထွက်တိုး စိုက်ပျိုးရေး အပိုင်း(၁)
၈:၀၅။ တေးဂီတအစီအစဉ်
၈:၁၀။ မိသားစုကျန်းမာဖို့ ယင်လုံအိမ်သာဆောက်ကြစို့
၈:၂၀။ နိုင်ငံတကာသတင်း
၈:၂၅။ စပါးအထွက်တိုးစိုက်ပျိုးရေး အပိုင်း(၂)
၈:၄၅။ တေးဂီတအစီအစဉ်
၈:၅၀။ သံချည်သံကွေးအတတ်ပညာ
၉:၀၀။ ဖန်တီးသူတို့အနုပညာ
၉:၁၀။ ပြည်တွင်းသတင်း
၉:၁၅။ ရန်ကုန်တိုင်းငါးလုပ်ငန်း (လှော်ကားငါးလုပ်ငန်းစခန်း)
၉:၃၀။ တေးဂီတအစီအစဉ်
၉:၃၅။ နိုင်ငံတကာသတင်း
၉:၄၀။ မိုးလေဝသခန့်မှန်းချက်
၉:၄၅။ ဝါသနာရှင်စင်မြင့်
၁၀:၃၀။ ရော်ဘာကြိတ်လုံးထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်
၁၀:၄၀။ လောကရဲ့အလှရတနာ
၁၁:၀၀။ အပိတ်

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည (၂၃:၀၀)နာရီအထိ(၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၁)၊ အမှတ် (၂၄) ဖြန့်ချိ

ရန်ကုန် ဧပြီ ၁၈

အယ်ဒီတာချုပ်ကိုကို (စက်မှုတက္ကသိုလ်)ဦးစီးသည့် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၂၄)တွင် အယ်ဒီတာ့ဒိုင်ယာရီ၊ အလားအလာကောင်းသည့် ကျောက်စိမ်းလုပ်ကွက်သစ်များ ထပ်မံတွေ့ရှိ၊ မြန်မာအလုပ်သမားများကို မလေးရှားက မြန်နိုင်သမျှအမြန်ဆုံးခေါ်ယူမည်၊ ဂျပန်ကုမ္ပဏီတစ်ခုက မြန်မာနိုင်ငံတွင် လက်ဖက်စိုက်ပျိုးထုတ်လုပ်လို စသည့်ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၀၄ ကမ္ဘာ့ဆန်ထွက်နှုန်း ဒုတိယအမြင့်ဆုံးစံချိန်ချိုးခဲ့၊ တတိယမျိုးဆက်လက်ကိုင်ဖုန်း အာရှပစိဖိတ်၌ တစ်ဟုန်ထိုးကြီးထွားရန်ရှိ၊ ကမ္ဘောဒီးယား၏ သတ်ကွင်းနေရာများကို ပုဂ္ဂလိကပိုင်ပြုလုပ်၊ အမေရိကန်တော်းဆု မိုက်ကယ်ဂျက်ဆင် သုံးနှစ်ဆက်တိုက်ချိတ် စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း-၅၄၈၈၈၁ ကမြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉-၄-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၅။ အကပြိုင်ပွဲ
၈:၂၀ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၇။ International News.
၈:၄၅ ၈။ Happy and Educational English Summer Course MRTV.
၉:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ)**
၅:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၃၀ ၇။ ခံစားနားဆင်တေးဇာတ်ဝင်
၅:၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၁၅ ၉။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ မျောက်မင်းဂူခုန်း (အပိုင်း-၈၆)**
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ တေးဂီတအစီအစဉ်
၇:၂၀ ၁၃။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၇:၃၅ ၁၄။ ကြေးမုံရိပ်သွင် တေးနုယဉ်
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟောမန်ဆောင်း၏ ချစ်သံစဉ်" (အပိုင်း-၁၀)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရခိုင်ပြည်နယ် **စစ်တွေတပ်နယ်ရှိ ဗန္ဓုလရိပ်သာခန်းမ၌ စစ်တွေ** တပ်နယ်ရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်း-၇) (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၅ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံနှင့် အာရှ-အာဖရိက ကွန်ဖရင့်အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့ တက်ရောက်မည်

ရန်ကုန် ဧပြီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုယိုနို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားနိုင်ငံတွင်ကျင်းပမည့် ၂၀၀၅ခုနှစ် အာရှ-အာဖရိက ထိပ်သီးညီလာခံနှင့် အာရှ-အာဖရိကကွန်ဖရင့် အထိမ်းအမှတ် ရွှေရတုအခမ်းအနားသို့ တက်ရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်တစ်ခုလုံး လျှပ်စစ်ဓာတ်အားရရှိရေး ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် သူငွေ့ချောင်း၊ အမ်းချောင်းနှင့် ကျိန်တလီ ရေအားလျှပ်စစ်စီမံကိန်းများ စီစဉ်ဆောင်ရွက်ပေးပြီး ရခိုင်ပြည်နယ်တောင်ပိုင်းရှိ သံတွဲ၊ တောင်ကုတ်နှင့် ဂွမြို့နယ်များသို့ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသွားမည်

ရန်ကုန် ဧပြီ ၁၈

ရခိုင်ပြည်နယ် သံတွဲမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရခိုင်ပြည်နယ် သံတွဲဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်းများနှင့်စပ်လျဉ်း၍ ဧပြီ ၁၆ရက် နံနက် ၁၀နာရီ ၁၅မိနစ်တွင် ရခိုင်ပြည်နယ် သံတွဲမြို့ အဏ္ဏဝါရိပ်သာခန်းမ၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

သူငွေ့ချောင်း ရေအားလျှပ်စစ်စီမံကိန်း

ယင်းစီမံကိန်းကို သံတွဲမြို့၏အရှေ့မြောက်ဘက် ၁၅မိုင်ခန့်အကွာတွင် တည်ရှိသည့် သတဲချောင်း(သို့မဟုတ်) သူငွေ့ချောင်းပေါ်တွင် တည်ဆောက်သွားမည်။

တမံအမျိုးအစားမှာ ဇုန် အမျိုးအစားကျောက်ဖြည့်တမံဖြစ်ပြီး တမံအလျားမှာ ပေ ၁၃၀၀ရှိ၍ တမံအမြင့်မှာ ပေ ၂၅၀ ဖြစ်။

ကန်ရေပြည့်ရေလှောင်ပမာဏမှာ ၃ ဒသမ ၄ သိန်း ဧကပေဖြစ်၍ ရေအားအမြင့်မှာ ၂၁၆ပေဖြစ်။

လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၀ ထုတ်လုပ်နိုင်စွမ်းရှိပြီး နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်မည့် ဓာတ်အားမှာ ၃၁၈ ကီလိုဝပ် နာရီသန်းပေါင်း ဖြစ်သည်။

ယင်းစီမံကိန်းကို သံတွဲဒေသနှင့် ပေလီကမ်းခြေဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ဦးစားပေးတည်ဆောက်သွားမည်။

ထိုသို့ ရှင်းလင်းတင်ပြရာ၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်က ရခိုင်ပြည်နယ် သံတွဲဒေသနှင့် အမ်းဒေသတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် သူငွေ့ချောင်းရေအားလျှပ်စစ်စီမံကိန်း၊ အမ်းချောင်း ရေအားလျှပ်စစ်စီမံကိန်းတို့နှင့်စပ်လျဉ်း၍ အကြိုတည်ဆောက်ရေးလုပ်ငန်းများ၊ မြေပြင်တိုင်းတာမှုလုပ်ငန်းများ၊ ဇလဗေဒတိုင်းတာခြင်းလုပ်ငန်း၊ ဘူမိဗေဒ စူးစမ်းလေ့လာခြင်းလုပ်ငန်းနှင့် အခြေခံဒီဇိုင်းလုပ်ငန်းများဆောင်ရွက်ခြင်း **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❀